# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံကြီးဖြစ်သည့် သဃ်န်းကျွန်းစံပြဆေးရုံကြီးကို ခုတင်(၈၀၀)ဆံ့ သို့မဟုတ် ခုတင် (၁၀၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ရွာငံမြို့နယ်၊ မြင်းကျဒိုးတိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | မိုင်းပန်မြို့၊ မြို့နယ်အားကစားကွင်းအား အဆင့်မီအားကစားကွင်းဖြစ်စေရန် ပွဲကြည့်စင်(Grand Stand)၊ Scored Board၊ ကွင်းပတ်လည်ပြေးခုန်ပစ်ကစားကွင်းများနှင့် အားကစားရုံအား ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပေး ရန်နှင့် ဘွဲ့လွန်တက်နေသော ဆရာဝန်များအစား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | ကျောင်းကျန်းမာရေးကဏ္ဍ ပိုမိုထိရောက်စေရန်နှင့် ကျောင်းကျန်းမာရေးကဏ္ဍမှ နိုင်ငံတော်၏ Health Information တစ်ခုအဖြစ် အသုံးပြုရန် ကျောင်းသားတိုင်းအတွက် ကျန်းမာရေးမှတ်တမ်း (Health Record) ထားရှိပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | ရန်ကုန်မြို့၊ ရွှာသာကြီးပရဆေးဉယျာဉ်တွင် တိုင်းရင်းဆေးသိပ္ပံနှင့် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | ဆိပ်ဖြူမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးနိုင် | ၂၄ |

ရန်အတွက် ကျန်းမာရေးဌာနခွဲ(၅)ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၂ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံး အဖြတ်ရယူခြင်း ၂၇

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၁

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၆

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၃၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၁၆–၁၁–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ဆေးတက္ကသိုလ်(၂) ၏ သင်ကြားရေးဆေးရုံကြီးဖြစ်သည့် သဃ်န်းကျွန်း စံပြဆေးရုံကြီးကို ခုတင်(၈၀၀)ဆံ့ သို့မဟုတ် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွာငံမြို့နယ်၊ မြင်းကျဒိုး တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့၊ မြို့နယ် အားကစားကွင်းအား အဆင့်မီအားကစားကွင်း ဖြစ်စေရန် ပွဲကြည့်စင်**

**(Grand Stand)၊ (Scored Board)၊ ကွင်းပတ်လည် ပြေးခုန်ပစ် ကစားကွင်းများနှင့် အားကစားရုံအား ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန် (၁)ဦး ခန့်ထားပေးရန် နှင့် ဘွဲ့လွန်တက်နေသော ဆရာဝန်များ အစားမည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **ကျောင်းကျန်းမာရေးကဏ္ဍ ပိုမိုထိရောက်စေရန်နှင့် ကျောင်းကျန်းမာရေးကဏ္ဍမှ နိုင်ငံတော်၏ Health Information တစ်ခုအဖြစ်အသုံးပြုရန် ကျောင်းသားတိုင်းအတွက် ကျန်းမာရေးမှတ်တမ်း (Health Record) ထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ရန်ကုန်မြို့၊ ရွာသာကြီး ပရဆေးဥယျာဉ်တွင် တိုင်းရင်းဆေးသိပ္ပံနှင့် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဆိပ်ဖြူမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနခွဲ (၅)ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်က **"ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများဘဝ တိုးတက်မြင့်မား လာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**
**စတုတ္ထနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁၅ ရက်၊
(၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၄) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊
(၅) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊
(၆) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၉) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊
(၁၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၁၁) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၁ ရက်၊
(၁၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၁၃) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၁ ရက်၊
(၁၄) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၁ ရက်၊
(၁၅) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၁၆) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊
(၁၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၁၈) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၅ ရက်၊

(၁၉) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၈ ရက်၊
(၂၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊
(၂၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊
(၂၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊
(၂၃) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊
(၂၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၂၅) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၂၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၂၇) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၂၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၂၉) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၃၀) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊
(၃၁) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊
(၃၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၃၃) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊
(၃၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၈ ရက်၊
(၃၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၁ ရက်၊
(၃၆) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၃၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၃၈) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊
(၃၉) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၄၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊
(၄၁) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၄၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၄၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်နှင့်
(၄၄) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံကြီးဖြစ်သည့် သဃ်န်းကျွန်းစံပြဆေးရုံကြီးကို ခုတင်(၈၀၀)ဆံ့ သို့မဟုတ် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ သဃ်န်းကျွန်းစံပြဆေးရုံကြီးကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးကို ၁၉၉၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှာ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ဒီဆေးရုံကြီးဟာ သဃ်န်းကျွန်းမြို့နယ်အပြင် ရန်ကုန်အရှေ့ပိုင်းခရိုင်မြို့နယ်အချို့မှ လူနာအများဆုံးလာရောက်ကုသကြပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ရပ်ဝေးလူနာများလည်း

လာရောက်ကုသကြပါတယ်။ ဒါ့ကြောင့် ဒီဆေးရုံကြီးက လူဦးရေနှစ်သန်းခန့် အားကိုးအားထားပြုနေရသော ဆေးရုံကြီး လည်းဖြစ်ပါတယ်။ သယ်န်းကျွန်းစံပြဆေးရုံကြီးမှာ ဖွဲ့စည်းပုံအရ အထူးကုဌာန ၂၁ ခုရှိပါတယ်။ ဖွဲ့စည်းပုံတွေ မပါရှိသော်လည်း ဆေးတက္ကသိုလ်(၂)ရဲ့ ဆီးနဲ့ကျောက်ကပ်ခွဲစိပ်ကုဌာန၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးကုသဌာန၊ ရင်ခေါင်းဆေးကုဌာနများကိုလည်းပဲ တိုးချဲ့ဖွင့်လှစ်၍ ကုသပေးလျက်ရှိပါတယ်။ သယ်န်းကျွန်းစံပြဆေးရုံကြီးဟာ ၂၀၁၇ ခုနှစ် စာရင်းများအရ ဆေးရုံခုတင်အသုံးပြုမှုရာခိုင်နှုန်း ၁၅၅ ရှိပြီး ခုတင်တစ်လုံးအပေါ်မှာ တစ်နှစ်အတွင်း ကုသပေးခဲ့တဲ့ အတွင်းလူနာ ၉၄ ဦး ရှိပါတယ်။ ဒါကြောင့် သတ်မှတ်ထားသော စံချိန်စံညွှန်းထက် နှစ်ဆခန့် ပိုမိုများပြားနေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆေးရုံများအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်မှာ ဖြေကြားခဲ့တာရှိပါတယ်။ ဆေးရုံတစ်ရုံဟာ ငါးနှစ်တာကာလအတွင်း ခွင့်ပြုခုတင်ရဲ့ပျမ်းမျှ ၁၅၀ ရာခိုင်းနှုန်းအသုံးချခြင်းရှိပါက အဆင့်မြှင့်တင်ပေးနိုင်ကြောင်းဖြေကြားခဲ့တာကို သိရှိထားပါတယ်။ သယ်န်းကျွန်းစံပြဆေးရုံကြီးအနေဖြင့် ပျမ်းမျှ ၁၆၅ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့် သတ်မှတ်ချက် ၁၅၀ ရာခိုင်နှုန်းထက် ကျော်လွန်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သယ်န်းကျွန်းစံပြဆေးရုံကြီးကို အဆင့်မြှင့်တင်ပေးမယ်ဆိုရင် လက်ရှိအဆောက်အဦများအနေဖြင့် အသင့်အတင့်လုံလောက်မှုရှိပါတယ်။ အဆောက်အဦသစ်ထပ်မံဆောက်လုပ်မည်ဆိုလျှင်လည်း လိုအပ်သောမြေနေရာအကျယ်အဝန်း အလုံအလောက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါခင်ဗျား။ မူလဆေးရုံကြီးဖြစ်ပါတယ်။ ထပ်မံဆောက်ထားတဲ့ခြောက်ထပ်ဆေးရုံကြီးဖြစ်ပါတယ်။ လူများပြွတ်သိပ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတကာစံနှုန်းက ခုတင်အသုံးပြုမှု ၈၀ ရာခိုင်နှုန်း၊ သယ်န်းကျွန်းစံပြဆေးရုံမှာ ၁၅၅ ရာခိုင်နှုန်းရှိပါတယ်။ ခုတင်တစ်လုံးမှာ ၄၀ ဦးဖြစ်ပါတယ်။ သယ်န်းကျွန်းစံပြဆေးရုံက ၉၄ ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ငါးနှစ်တာကာလအတွင်းမှာ ရာခိုင်နှုန်း ၁၅၀ အသုံးပြုတယ်ဆိုရင် သယ်န်းကျွန်းစံပြဆေးရုံက ၁၆၅ ရာခိုင်နှုန်းအသုံးချခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ သယ်န်းကျွန်းမြို့နယ်နှင့် အခြားပတ်ဝန်းကျင်မြို့နယ်များမှ ပြည်သူလူထုအားကိုးအားထားရာဖြစ်ပြီး ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံကြီးဖြစ်သော သယ်န်းကျွန်းစံပြဆေးရုံကြီးကို ခုတင် ၈၀၀ ဆံ့ သို့မဟုတ် ခုတင် ၁၀၀၀ ဆံ့ဆေးရုံကြီးအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန်အစီအစဉ်ရှိ/မရှိ သိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်းဆုတောင်းအပ်ပါတယ်။ ကျွန်တော်

ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်းရဲ့ သဃ်န်းကျွန်းမြို့နယ်ဆေးရုံကြီးအား ခုတင် ၈၀၀ သို့မဟုတ် ခုတင် ၁၀၀၀ အထိ တိုးမြှင့်ခြင်းကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ အတိုင်းမှန်ပါတယ်။ ခုတင်အသုံးပြုနှုန်းကို ကျွန်တော်ကြည့်တဲ့အခါမှာ ၂၀၁၄-၂၀၁၅ ခုနှစ်ကစပြီး တော့ ၁၄၃ ရာခိုင်နှုန်း၊ ၁၄၅ ရာခိုင်နှုန်း၊ ၁၅၃ ရာခိုင်နှုန်း၊ ၁၄၈ ရာခိုင်နှုန်းနှင့် ပျမ်းမျှခြင်းအားဖြင့် လွန်ခဲ့တဲ့လေးနှစ်အတွင်းမှာ ၁၄၈ ရာခိုင်နှုန်းရှိပါတယ်။ နောက်နှစ်မှာလည်း ဒီလိုတက်ဖို့အလားအလာ တော့ရှိနေပါတယ်။ တစ်ကြိမ်တည်းမှာပဲ ကျွန်တော်ပြန်ကြည့်တဲ့အခါမှာ သဃ်န်းကျွန်းဆေးရုံကြီးမှာ အားလုံးခန့်ထားရမယ့်ဝန်ထမ်း ၈၀၆ ဦးရှိပါတယ်။ အားလုံး ၅၆၅ ဦးပဲ ခန့်နိုင်တဲ့အတွက် ၇၀ ရာခိုင်နှုန်းပဲ ကျွန်တော်တို့ခန့်နိုင်ပြီး ၂၄၁ ဦးက လစ်လပ်လျက်ရှိပါသေးတယ်။ စံကိုက်မှာဆိုလို့ရှိရင် ၈၈၂ ဦးဖြစ်တဲ့အတွက် ပိုပြီးတောင် နည်းသွားမှာဖြစ်ပါတယ်။ ၆၄ ရာခိုင်နှုန်း ဝန်ထမ်းတွေနည်းမှာ ဖြစ်ပါတယ်။ ဒီမှာပြန်ကြည့်တဲ့အခါမှာ စံကိုက် ရွှေ့ ခုတင် ၅၀၀ ကိုယူမယ်ဆိုလို့ရှိရင် Discipline ပေါ့။ အထူးကုဌာနပေါင်း ၂၈ ခု ဖြည့်ဖို့လိုပါတယ်။ အခုလောလောဆယ် သဃ်န်းကျွန်းဆေးရုံမှာ အားလုံး ၂၂ ရှိပါတယ်။ Discipline ကတော့လိုပါတယ်။ တစ်ခုရှိတာက ၅၀၀ ကနေပြီးတော့ ၈၀၀ သို့မဟုတ် ၁၀၀၀ တိုးလို့ရှိရင် သူ့ဖွဲ့စည်းပုံအရ ငွေကြေးရမှုအခြေအနေအရ ချက်ချင်းတစ်လတည်း၊ နှစ်လတည်း၊ လေး၊ ငါး၊ ခြောက်လနဲ့ မရပါဘူး။ အဆင့်ဆင့်၊ အဆင့်ဆင့်သွားရပါတယ်။ လောလောဆယ်ပြဿနာက ဘာလဲဆိုလို့ရှိရင် ဒီမှာရှိတဲ့ဝန်ထမ်းတွေကို တတ်နိုင်သမျှထပ်ဖြည့်ဖို့၊ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့အခုမကြာခင်ဝင်မယ့်ဆရာဝန်တွေရှိပါတယ်။ ၁၂၀၀ နီးပါးလောက် လျှောက်တယ်ပြောပါတယ်။ အဲဒီထဲက ဝင်လို့ရှိရင်တော့ သူတို့က ဆေးရုံကြီးတွေမှာပဲ ပို့မယ့်အတွက် ဆေးရုံမှာဝန်ထမ်းတွေချပေးမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီဆေးရုံမှာ လွှတ်တော် ကိုယ်စားလှယ်ကြီးကိုတင်ပြချင်တာကတော့ ခြောက်ထပ်ဆောင်ကြီးက အခု နှစ်လ၊ သုံးလဆိုရင် ပြီးတော့ပါမယ်။ အလွန်ကြီးပါတယ်။ ခြောက်ထပ်ဆောင် အသစ်စက်စက်ကြီးပါ။ ကျွန်တော်လည်း သွားကြည့်ပြီးပါပြီ။ ဒါပြီးလို့ရှိရင် လူ ၂၄၀၊ ၂၅၀ လောက် အဲဒီမှာဆက်ပြီးထားလို့ရမှာ ဖြစ်ပါတယ်။ ထို့အပြင် သဃ်န်းကျွန်းဆေးရုံကြီးဆိုလည်း ဝန်ထမ်းတွေကများတဲ့အတွက် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာဆောက်နေတာ ဖေဖော်ဝါရီလမှာ ပြီးမှာပါ။ ဝန်ထမ်းတွေ ဖေဖော်ဝါရီလမှာ စတက်လို့ ရပါမယ်။ ထို့အပြင် နောက်ထပ်လေးခန်းတွဲလေးထပ်ကလည်း ပိုက်ဆံလည်းရပါပြီ။ ဆောက်နေ ပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်းမှာ ပြီးဖို့ရှိပါတယ်။ ပိုက်ဆံလည်း အကုန်ချထားပြီး ဖြစ်ပါတယ်။ ထို့အပြင် ဆေးရုံကြီးမှာ လူနာများတဲ့အတွက် သုံးထပ်ပေါ့။ Reinforce Cement Concrete နဲ့ Operation Data Complexion Intensive Care Units အဆောက်အဦဆောက်လုပ်ခြင်း ကိုလည်းလုပ်တဲ့အခါမှာ တစ်လလောက်အတွင်းကို ပြီးတော့မှာပါ။ ဓာတ်လှေကား လည်းတပ်ပြီးပြီ။ ဒီမှာမီးမရတဲ့အတွက် ကျွန်တော်တို့က သန်းပေါင်း ၆၆၅ သန်းသုံးပြီးတော့ 5 MV, 33 to 6.6 Kilo Volt ဓာတ်အားခွဲရုံလည်း တပ်ပြီးပါပြီ။

ခေတ်လှေကားလည်းဆင်ပြီးပါပြီ။ သို့သော် တစ်ခုပဲ လျှပ်စစ်က လျှပ်စစ်လာမလွှတ်ပေးသေးပါဘူး။ Test လုပ်ဖို့။ လျှပ်စစ်ကလည်း လာပြီးတော့ လျှပ်စစ်လွှတ်ရင်၊ ခေတ်လှေကားကို အကုန် Test လုပ်ပြီးရင် ဒီမှာ Operation Data Complexion Intensive Care Units လည်း ဒီမှာရှိမယ့်အတွက် တော်တော်လေးအဆောက်အဦဘက်က လုံလောက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် သယ်န်းကွှန်းဆေးရုံမှာ အများသိတဲ့အတိုင်း အထူးကု Methadone Centre အတွက်ကိုလည်း ပိုက်ဆံတွေချထားပါတယ်။ အခုနက ခြောက်ထပ်ဆောင်ကြီးဆိုရင် အစိုးရကနေပြီးတော့ သန်းပေါင်း ၃၂၈၈ သန်း ၂၀၁၅-၂၀၁၆ ခုနှစ်ကစပေးတာ အခုအကုန်ပြီးပါပြီ။ ပေးလိုက်ပါပြီ။ အခုနက သုံးထပ်ဆောင်ဆိုလည်း သန်းပေါင်း ၁၁၈၉ သန်း ကျွန်တော်တို့ချပါတယ်။ ပေးထားပြီးသားဖြစ်ပါတယ်။ အခုပြီးမယ့် လေးခန်းတွဲ လေးထပ်ဆောင်ကလည်း သန်းပေါင်း ၄၄၀ အကုန်ပေးပြီးပါပြီ။ ပြီးတော့မှာပါ။ နောက်ထပ်ဆောက်နေတဲ့ဟာကိုလည်း အဲဒီလိုပဲ လျာထားပါတယ်။ အခုနကပြောတဲ့ လျှပ်စစ်၊ ခေတ်အားခွဲစက်ရုံဆိုလည်း သန်းပေါင်း ၆၆၅၊ Methadone Centre ဆိုရင်လည်း သန်းပေါင်း ၂၂ သန်းနဲ့ ပြင်ဆင်မွမ်းမံလျက်ရှိပါတယ်။ ဆိုလိုတာက အဆောက်အဦအပိုင်းအနေနဲ့ ကျွန်တော်တို့တတ်နိုင်သမျှ လုပ်ထားတယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့အနေနဲ့ ကျွန်တော်ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ၈၀၀ ကို တင်မယ်ဆိုလို့ရှိရင် အခုခွင့်ပြုခန့်ထားက ၈၀၆ ယောက်ကနေပြီးတော့ ၁၅၀၀ လောက်အထိကို တင်ရမယ်။ အဲဒီတော့ ဘယ်လိုနည်းနဲ့မှ ၁၅၀၀ ရှိတဲ့ဝန်ထမ်းများကို လောလောဆယ်ခန့်လို့မရပါဘူး။ လောလောဆယ် ကျွန်တော် တို့က ဘာလုပ်ပေးနိုင်မလဲဆိုရင် ၅၆၅ ယောက်ပဲရှိတဲ့ဝန်ထမ်းတွေကို တတ်နိုင်သမျှဖြည့်ပေးဖို့ရှိပါတယ်။ ထို့အပြင် အခုဘာတွေ စီစဉ်နေပါသလဲဆိုရင် ရန်ကုန်ဆေးရုံကြီး၏ အရှေ့ပိုင်း၊ အနောက်ပိုင်း ဒီနေရာတွေမှာ လာတဲ့လူတွေက အရမ်းများတဲ့အတွက် အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ ဆေးရုံရဲ့အင်အားကို ဖြည့်နေပါတယ်။ ကွမ်းကျင်မှုပိုင်းဆိုင်ရာအရ၊ ပစ္စည်းပိုင်းအရဖြည့်နေတာ ဥပမာအရဆိုရင် လှိုင်သာယာကို အများကြီးလုပ်ထားပါတယ်။ သံလျင်ဆေးရုံကိုလည်း အများကြီးလုပ်ထားပါတယ်။ အလားတူ အင်းစိန်ဆေးရုံကိုလည်း အဲဒီလိုအများကြီးလုပ်ထားပါတယ်။ သို့မှသာ လူတွေကပြုံပြီးတော့ ဒီဆေးရုံကြီးဆီမလာဘဲနဲ့ နည်းနည်းလျော့သွားမယ့်သဘောရှိပါတယ်။ ထို့အပြင် ဒီဆေးရုံတွေမှာ လူကြပ်တဲ့သဘော၊ ရန်ကုန်ဆေးရုံကြီးမှာ လူကြပ်တဲ့သဘောမဖြစ်ဖို့အတွက်ကိုလည်း အနီးအနားမှာရှိတဲ့ Urban Health Center တွေမှာပြန်ပြီး Review လုပ်နေပါတယ်။ ဒီနေရာမှာ Follow up လူနာကိုပြန်ပြီး ခေါ်ကြည့်တဲ့ဟာတွေကို အဲဒီနေရာတွေမှာလုပ်ခိုင်းမယ်ဆိုလို့ရှိရင် ဆေးရုံကြီးအတွင်းမှာ ကားကြပ်ခြင်း၊ လူကြပ်ခြင်းအစရှိသဖြင့် ဒါတွေကသက်သာဖို့ရှိပါတယ်။ ဒါတွေလည်း အကုန်လုံးတစ်ပြိုင်တည်းမှာ ကျွန်တော်တို့စဉ်းစားနေတာပါ။ ဒါတွေက နှစ်လ၊ သုံးလ လောက်ဆိုရင် အကောင်အထည်စပေါ်တော့မှာပါ။ မဖော်ခင် ကျွန်တော်တို့က ဘယ် Urban Health Center ကို ဘယ်ဆေးရုံလွှတ်မယ်။ ဘယ်ပါမောက္ခ၊ သမားတော်ကသွားပြီးတော့ Follow up ကြည့်မလဲ။ ဒါတွေကို အကုန်လုပ်နေပါတယ်။ ထို့အပြင် ကျွန်တော် နောက်တစ်ခုစဉ်းစားနေတာက လူနာတွေက ဟိုးအရင်တုန်းက ဆရာဝန်ဘဝကဆိုရင် ဒီဆေးရုံကြီးတွေကို တိုက်ရိုက်လာပြလို့မရပါဘူး။ အခုက တိုက်ရိုက်ပဲ လာပြနေပါတယ်။ အရင်တုန်းကဆိုရင် Referral Form ပါမှသာလျှင် ဒီဆေးရုံအထူးကုတွေက

လက်ခံပါတယ်။ အဲဒီ System ကိုလည်း ကျွန်တော်ပြန်ပြီး Review လုပ်ပါတယ်။ အရမ်းတော့ တင်းတင်းကြပ်ကြပ်မလုပ်ပါဘူး။ အရေးကြီးရင် ကြီးသလိုတော့ ကျွန်တော်တို့ကြည့်ပေးမယ်။ အဲဒီလို Systematically လုပ်မှလျှင် လူနာရဲ့ခွဲဝေမှု၊ ပြဿနာ နည်းသွားမှာဖြစ်ပါတယ်။ အခုတော့ ဒီသယ်န်းကျွန်းဆေးရုံကြီးကို ဘာလို့လာတာများသလဲဆိုရင် ဒီဆေးရုံမှာလုပ်တဲ့ဝန်ထမ်းတွေက ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ တော်တော်လေးကျွမ်းကျင်လို့၊ အားကိုးလို့ လာခြင်းဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော့်အနေနဲ့ ဂုဏ်လည်းယူပါတယ်။

ကျွန်တော့်အနေနဲ့ နောက်ဆုံးပြောချင်တာကတော့ မကြာခင်ရက်ပိုင်းအတွင်းမှာပဲ ကျွန်တော်ကိုယ်တိုင် အသေးစိတ်သွားကြည့်ပါတယ်။ ဆေးရုံအုပ်ကြီးနဲ့ထိုင်မယ်။ ကျွန်တော်တို့ဘာဆက်လုပ်ပေးလို့ အတိကျလုပ်ပေးရမယ်ဆိုတာကို ကြည့်မယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုတော့ အဲဒီလောက်ပဲဖြေဆိုခွင့်ပေးပါ။ ကျေးဇူးအများကြီးတင်ပါတယ်။

**ရွှင်မြို့နယ်၊ မြင်းကျဒိုးတိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှင်မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရွှင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှင်မြို့နယ်၊ မြင်းကျဒိုးတိုက်နယ်ဆေးရုံရရှိရေးအတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှင်မြို့နယ်၊ မြင်းကျဒိုးကျေးလက်ကျန်းမာရေးဌာနအောက်တွင် နန်းခုံ၊ ယကြီး၊ အလယ်ချောင်၊ တောကျယ်စသည့် ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုရှိပြီး ကျေးရွာအုပ်စုခုနစ်စု၊ ကျေးရွာပေါင်း ၃၅ ရွာ၊ အိမ်ခြေပေါင်း ၅၃၁၃ အိမ်၊ လူဦးရေ ၂၃၂၃၆ ဦးနေထိုင်လျက်ရှိပါတယ်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းရှိ တောင်တန်းဒေသ ၁၁ ရွာမှာလည်း မြင်းကျဒိုးကျေးလက်ကျန်းမာရေးဌာနကို မှီခိုအားထားနေရပါတယ်။ မြင်းကျဒိုးကျေးလက်ကျန်းမာရေးဌာနအောက်မှာ ကျေးရွာစုစုပေါင်း ၄၆ ရွာ၊ လူဦးရေ ၂၉၆၇၂ ဦးခန့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ မြင်းကျဒိုးကျေးရွာဟာ ရွှင်မြို့နယ်ပြည်သူ့ဆေးရုံနှင့် ၂၂ မိုင်၊ မြိုင်တိုက်နယ်ဆေးရုံနှင့် ၁၁ မိုင်၊ ပင်းတယပြည်သူ့ဆေးရုံနှင့် ၁၈ မိုင်၊ အောင်ပန်းတိုက်နယ်ပြည်သူ့ဆေးရုံနှင့် ၂၃ မိုင်ကွာဝေးပြီး မိုးရာသီတွင်သွားလာရခက်ခဲသော ကျေးရွာစုစုပေါင်း ၄၆ ရွာမှ ပြည်သူများ ကျန်းမာရေးအတွက် ဆေးကုသမှုခံရာတွင် အခက်အခဲများစွာ ကြုံတွေ့လျက်ရှိပါတယ်။ မြင်းကျဒိုးတိုက်နယ်ဆေးရုံလျှောက်ထားမည့် မြေနေရာဟာ ရွှင်မြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စု မိန်းမရဲတောင်၊ သာသနာပြုဇရီယာနှင့်ဆက်စပ်သည့် မင်းတိုင်ပင်ကျေးရွာအနီး ကွင်းအမှတ်(၂၀)၊ တပ်ပုတ်ရွာသစ်ကွင်းအတွင်းမှာတည်ရှိပြီးတော့ မြေအလှူရှင် ဦးကောင်းညွန့်မှ ၂.၅၀ ဧက၊ ဦးကျော်ဝင်းမှ ၁.၀၀ ဧက၊ ဦးအောင်ကျော်စိုးမှ ၀.၅၀ ဧက၊ ဒေါ်ကြည်မှ ၁.၀၀ ဧက လှူဒါန်းကြပြီး

တော့ လပ်မြေ ၂.၅ဝ ဧက၊ မြေရိုင်း ၄.ဝဝ ဧက တစ်ဆက်တစ်စပ်တည်း စုစုပေါင်း ၁၁.၅ဝ ဧက ရရှိထားပြီးဖြစ်ပါတယ်။ မြင်းကျဒိုးတိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိပါက ဒေသခံပြည်သူများ၏ ကျန်းမာရေးကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်း၊ လူမှုကိစ္စအဝဝဆောင်ရွက်နိုင်ကြပြီး လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ မြင်းကျဒိုးတိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိပါက ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၊ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီများမှ တိုက်နယ်ဆေးရုံမြေရာအတွက် မြေ ၁၁.၅ ဧကကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်မြေအဖြစ်ရရှိရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိတ်အား ထက်သန်စွာ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မြင်းကျဒိုးတိုက်နယ် ဆေးရုံဖွင့်လှစ်ခွင့်ရရှိပါက ရှာငံမြို့နယ်ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပြည့်စုံသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်၊ မြင်းကျဒိုး တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက် ပေးပါရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိ လို၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ရှာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းရဲ့ မေးခွန်းဖြစ်သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်၊ မြင်းကျဒိုးကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံအဆင့် ဖွင့်လှစ်ပေးရန်ကိစ္စနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့က ပြန်ကြည့်တဲ့အခါမှာ ရှာငံမြို့မှာ လူဦးရေ ၈ဝဝဝဝ ကျော် နေထိုင်လျက်ရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ကတော့ ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံနဲ့ တိုက်နယ်ဆေးရုံနှစ်ရုံရှိပါတယ်။ မြိုင်တိုက်နယ်ဆေးရုံနဲ့ မြို့ကြီးတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံသုံးရုံရှိပါတယ်။ မြင်းကျဒိုးကျေးလက် ကျန်းမာရေးဌာန (Ural Health Center)အောက်မှာတော့ ယကြီး၊ နန်းခုံ၊ အလယ်ချောင်၊ တောကျယ် စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုရှိပါတယ်။ ဒီ မြင်းကျဒိုးကျေးလက်ကျန်းမာရေးဌာနမှာ လည်း ကျေးလက်ကျေးရွာပေါင်း ၃၅ ရွာနဲ့ အိမ်ခြေ ၄၇၇ဝ အိမ်၊ လူဦးရေ ၂၃၂၃၆ ရှိပါတယ်။ ဒီမှာ ပြန်ကြည့်တဲ့အခါမှာ အထက်ကိုလွှဲတဲ့လူနာကတော့ နည်းနည်းများပါတယ်။ ၂ဝ၁၆ ခုနှစ်မှာ ၁၁၁ ဦး၊ ၂ဝ၁၇ ခုနှစ်မှာ ၁၃ဝ ဦး၊ ၂ဝ၁၈ ခုနှစ် ဇန်နဝါရီလကနေ အောက်တိုဘာလမှာ ၁၅၂ ဦး ကျွန်တော့် အနေနဲ့တော့ အထက်ကိုလွှဲတဲ့လူနာအရ ဘယ်လိုလူနာမျိုးလဲဆိုတာကို ကျွန်တော်တို့ကြည့်ဖို့ လိုပါတယ်။ အကယ်၍ အထက်လွှဲတဲ့လူနာတွေက နည်းနည်းလေးဆိုးတယ်ပေါ့။ Serious ဖြစ်တဲ့လူနာ ဒီမှာမနိုင်တဲ့လူနာမျိုးဆိုလို့ရှိရင် ဒီမှာဆေးရုံဆောက်ပေးလို့ရှိရင် ပိုပြီးတော့အကျိုးရှိနိုင်တယ်ဆိုတာ

မူကြမ်း

ကို ကျွန်တော်တွေ့ပါတယ်။ အဲဒီတော့ လူနာရဲ့ပုံစံပေါ့။ ဘယ်လိုလူနာတွေကို အထက်ကိုလွှဲပေးတယ် ဆိုတာကို ကျွန်တော်တို့ကြည့်ပါတယ်။ (Ural Health Center)ပေါ့။ ကျေးလက်ကျန်းမာရေးဌာန ဖြစ်တဲ့အတွက် လာပြတဲ့လူနာတွေကတော့ တစ်နှစ်ကို ၅၀၀၀ ကျော် ၆၀၀၀ နီးပါးလောက်ရှိတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အထက်ကိုလွှဲတဲ့လူနာတွေကို လည်းကြည့်မယ်။ နောက် Station Hospital တစ်ခုပေါ့ ဆောက်မယ်ဆိုရင် လိုအပ်တဲ့ဟာ အဓိကတော့ မြေပါ။ ဒီမြေကတော့ ခုနပြောတဲ့ လှူတဲ့အလှူရှင်လည်းရှိတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြေပိုင်တော့ မရသေးပါဘူး။ ရပြီးပြီဆိုလို့ရှိရင် ဒါကို အသေးစိတ်လေ့လာမယ်။ လေ့လာမယ်ဆိုတာ ကျွန်တော်တို့ ပြည်နယ်ဦးစီးမှူးနှင့် ဗဟိုမှတစ်ယောက်ကို အမြန်ဆုံးသွားကြည့်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးက အစ သူ့ဘေးနားမှာ ဒါကိုဆောက်ရင် Catchment Area မှာ REC ကဘယ်လိုရှိမလဲ။ Sub Center တွေက ဘယ်လိုရှိလဲဆိုတာကို GIS Map နဲ့ သေချာကြည့်မယ်။ ကြည့်ပြီးတော့ ဆောက်သင့်ဖို့တော့ ကျွန်တော့်အနေနဲ့ အကြမ်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင်တော့ ဒါဟာပေးသင့်တဲ့နေရာလို့ မြင်ပါတယ်။ ပေးသင့်တဲ့နေရာမြင်လို့ရှိရင် ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကျွန်တော်တို့ ဘတ်ဂျက်မှာထည့်မယ်။ ခွင့်ပြုလို့ ရှိရင် သူ့လုပ်ထုံးလုပ်နည်းအရ ဆက်လက်ပြီးတော့ လုပ်ဆောင်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့ မြို့နယ်အားကစားကွင်းအား အဆင့်မီအားကစားကွင်းဖြစ်စေရန် ပွဲကြည့်စင်(Grand Stand)၊ Scored Board၊ ကွင်းပတ်လည်ပြေးခုန်ပစ်ကစားကွင်းများနှင့် အားကစားရုံအား ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့ အစည်းအဝေးမှာတင်ပြမယ့်မေးခွန်းကတော့ မိုင်းပန်မြို့နယ် အားကစားကွင်းကို အဆင့်မီအားကစားကွင်းဖြစ်လာစေရန်အတွက် လိုအပ်လျက်ရှိတဲ့ ပွဲကြည့်စင်(Grand Stand)၊ Scored Boardနှင့် ကွင်းပတ်လည်ပြေးခုန်ပစ်ကစားကွင်းများနှင့် အားကစားရုံတို့ကို ယခုဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဝေးလံတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နယ်စပ်ဒေသအစွန်အဖျားမှာ တည်ရှိတဲ့ မြို့တစ်မြို့လည်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသမြို့ဖြစ်တဲ့အလျောက် မူးယစ်ဆေးဝါးများပေါများတဲ့ဒေသဖြစ်ပြီးတော့ လူငယ်လူရွယ်များအနေဖြင့် စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားစေရေး၊ ကိုယ်ကာယကြံ့ခိုင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန်အတွက် အားကစားစိတ်ဓာတ် မြင့်မာလာနိုင်စေရန်အတွက် အဆင့်မီအားကစားကွင်းတစ်ခု အမှန်တကယ်လိုအပ်လျက်ရှိပြီးတော့ ဒေသခံပြည်သူများများစွာ မျှော်လင့်လျက်ရှိကြပါတယ်။ ကျွန်တော်တို့မြို့မှာ အားကစားပြုလုပ်နိုင်ရန်

အတွက် ဘောလုံးအားကစားကွင်းရှိသော်လည်းပဲ ဆက်စပ်တဲ့ ပြေးခုန်ပစ်အားကစားကွင်းများ မပါရှိခြင်း၊ ဆက်စပ်အဆောက်အဦများမပါရှိခြင်းတို့ကြောင့် လူငယ်လူရွယ်များမှာ အားကစားကိုစိတ်ပါဝင်စားစွာ တစိုက်မတ်မတ်မလုပ်နိုင်တဲ့အတွက် ဘောလုံးအားကစားကွင်းမှာလည်းပဲ ကွင်းအမည်ခံအဖြစ်သာ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့မြို့နယ်မှာရှိတဲ့ လူငယ်လူရွယ်များဟာ နိုင်ငံတော်ရဲ့ အနာဂတ်ခေါင်းဆောင်များပင်ဖြစ်လာနိုင်တဲ့အတွက် အားကစားမှအစပြု၍ မလုပ်နိုင်ဘူးဆိုလို့ရှိရင် မကောင်းတဲ့အသိမှားအမြင်မှားများ ဖြစ်ပေါ်လာကာ ဒုစရိုက်အမှောင်လောကနှင့် မူးယစ်ဆေးဝါးများရဲ့ ကျေးကျွန်းဖြစ်လာဖို့အတွက်ကို တွန်းပို့နေသလိုဖြစ်ပါလိမ့်မယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့နိုင်ငံအတွက် ရင်လေးစရာပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မိုင်းပန်မြို့နယ်မှာရှိတဲ့ လူငယ်လူရွယ်များ ကျန်းမာသန်စွမ်းစေရေး စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားစေရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးအတွက် မရှိမဖြစ်လိုအပ်လျက်ရှိတဲ့ မြို့နယ်အဆင့်မီ အားကစားကွင်းဖြစ်စေရန်အတွက် ပွဲကြည့်စင်(Grand Stand)၊ Scored Board၊ ကွင်းပတ်လည် ပြေးခုန်ပစ်ကစားကွင်းများ၊ အားကစားရုံအဆောက်အဦတို့ကို ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးရဲ့ မေးခွန်းဖြစ်တဲ့ ဒီမိုင်းပန်မြို့နယ် မြို့နယ်အားကစားကွင်းအား အဆင့်မီအားကစားကွင်းဖြစ်စေရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ လိုအပ်ချက်ဖြစ်တဲ့ ပွဲကြည့်စင်(Grand Stand)၊ Scored Boardနှင့် ကွင်းပတ်လည် ပြေးခုန်ပစ်ကွင်းများနှင့် အားကစားများအောက်လုပ်ရေးကိစ္စနှင့်ပတ်သက်ပြီး တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အားကစားကတောင်းတယ်ဆိုရင် အမြဲပဲပေးစေချင်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း အားကစားလုပ်ခြင်းက အလွန်များပြားလှစွာသော အကျိုးကျေးဇူးများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ထို့ပြင် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီး Exercise Medicine အားကစားကိုယ်လက်လှုပ်ရှားခြင်းသည် ဆေးတစ်မျိုးဖြစ်တာကို မူတည်ပြီး ကျွန်တော်တို့အကြီးအကျယ် တစ်နိုင်လုံးအတိုင်းအတာနှင့်လုပ်နေပါတယ်။ ဒါကြောင့် ကျွန်တော်ပေးဖို့ ကအများကြီးရည်ရွယ်ပါတယ်။ အဲ့ဒါကြောင့်လည်း ကျွန်တော်တို့ အခုဒီဘတ်ဂျက်ပေါ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ကျန်းမာရေးကနေဖဲ့ပြီးတော့ အားကစားတွေကို ၂၃.၅ ဘီလီယံလောက်နဲ့ ကျွန်တော်တို့ ပေးလိုက်ပါတယ်။ ဒါတွေကိုပြင်ဖို့ အားကစားကွင်းတွေ၊ ဘာတွေလုပ်ဖို့အတွက်ကို ကျွန်တော် ထည့်ပေးလိုက်ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ် အားကစားကွင်းအဆင့်မီရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုငွေ သန်း ၅၀.၁ သန်းဖြင့် မြေသားပြုပြင်ခြင်း၊ ကွင်းပြင်ခြင်း လုပ်ခဲ့ပါ

တယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှာတော့ ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၉.၈ သန်းဖြင့် Inner Function (အတွင်း) ၁၅၂၆ ပေ ကာရံခြင်းလုပ်ငန်းကိုလည်းကောင်း၊ ၂၁ သန်း ထပ်ပေးပြီးတော့ ရုံးနဲ့မြေ ပေ ၅၀ x ၁၂ ပေ x ၁၈ ပေ တည်ဆောက်ခြင်းလုပ်ငန်းတွေလုပ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ခြောက်လပတ်ဘတ်ဂျက် ဧပြီလကနေ စက်တင်ဘာလ ဘဏ္ဍာရေးနှစ်မှာလည်း ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်း ၅၀ ဖြင့် ပေ ၁၈၀၀ ရှိတဲ့ အုတ်တံတိုင်းကိုလည်း ကာရံ ပေးခဲ့ပါတယ်။

နောက်တစ်ခါ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းခြင်းခေါင်းစဉ်အောက်မှာ ၂၉ သိန်းဖြင့် အားကစား ကွင်းမြေဖို့ခြင်း၊ မြေသားပြန်လည်ပြုပြင်ခြင်း၊ မြေညှိခြင်း၊ သဲခင်းခြင်း၊ ကွင်းပတ်လည် ခြုံနွယ်များ ရှင်းလင်းခြင်းကို လုပ်ခဲ့တာ အခု ရာခိုင်နှုန်း ၁၀၀ ပြီးသွားပါပြီ။ နောက် မိုင်းပန်မြို့နယ်ပြီးသွားတဲ့ အတွက် မိုင်းပန်မြို့နယ် ကျေးရွာပေါင်းစုံ ဘောလုံးအားကစားအသင်း ၁၂ သင်းနဲ့လည်း ဒီနှစ် ဖေဖော်ဝါရီလ ၂၄ ရက်ကနေ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခု စပြီးကစားနေပါပြီ။ နောက် မိုင်းပန်းမြို့နယ် အားကစားကွင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမည်ပေါက် ရရှိရေးအတွက် မြေပေးမိန့်နဲ့ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ကိုလည်း တင်ပြလျှောက်ထားပြီးဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ မိုင်းပန်အားကစားကွင်း အဆင့်မီရန်အတွက် ထပ်လိုတဲ့ ပွဲကြည့်စဉ်၊ Scored Board ၊ မီတာ ၄၀၀ ပြေးလမ်းဖောက်ခြင်းနှင့် အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းများ ကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုငွေစာရင်းမှာ ကျွန်တော်တို့ ထည့်သွင်းလျာထားပြီးတော့ ခွင့်ပြုချက်ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော် ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပေး ရန်နှင့် ဘွဲ့လွန်တက်နေသောဆရာဝန်များအစား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးလိုတဲ့မေးခွန်းမှာ မင်းတုန်းမြို့နယ် ပြည်သူ့ ဆေးရုံကြီးတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဘွဲ့လွန်တက်နေသော ဆရာဝန်များအတွက် အစားထိုးခန့်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါသဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုမေးခွန်းကဲ့သို့ အလားတူ မေးခွန်းမျိုးကို ကျွန်မကိုယ်တိုင်ပဲ ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇-၇-၂၀၁၆ မှာ မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ မေးမြန်းပြီးစဉ်

အခါက ကျွန်မတို့ မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးကို လက်ထောက်ဆရာဝန်နှစ်ဦးနှင့် မြောက်ပြင်တိုက်နယ်ဆေးရုံကို ဆရာဝန်တစ်ဦး၊ ကျောက်တိုင်တိုက်နယ်ဆေးရုံကို ဆရာဝန်တစ်ဦး ရောက်ရှိတာဝန်ထမ်းဆောင်လာခဲ့ကြပါတယ်။ တိုက်နယ်ဆေးရုံများမှာ ဆရာဝန်တစ်ဦးစီလုံလောက်မှုရှိသော်လည်း မြို့နယ်ဆေးရုံကြီးမှာ လုံလောက်မှုမရှိဖြစ်နေပါတယ်။ ဖွဲ့စည်းပုံအရ မင်းတုန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးမှာ ဆရာဝန်ငါးဦးခန့်ထားရမှာဖြစ်တဲ့အတွက် လက်ထောက်ဆရာဝန်တစ်ဦး လိုအပ်နေပါတယ်။

သို့ဖြစ်ပါ၍ မေးခွန်း(၁)အနေနဲ့ ခန့်ထားရန်ကျန်ရှိနေတဲ့ လက်ထောက်ဆရာဝန်တစ်ဦးကို ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းရခြင်းဖြစ်ပါတယ်။ ပြီးနောက် မေးခွန်းအပိုင်း(၂)အနေနဲ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့နှင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ လက်ထောက်ဆရာဝန်နှစ်ဦး ကျွန်မတို့ မင်းတုန်းမြို့နယ်ကို ရောက်ရှိလာခဲ့ပါတယ်။ လက်ထောက်ဆရာဝန်နှစ်ဦးဟာ ၁၀ လနီးပါးတာဝန်ယူပြီးတော့ On Duty နဲ့ နှစ်ဦးစလုံးတစ်ပြိုက်နက် ဘွဲ့လွန်တက်အောင်သွားခဲ့ကြပါတယ်။ ကျွန်မတို့မြို့နယ်မှာ ကျန်းမာရေးနဲ့ပတ်သက်ပြီး အလွန်ခက်ခဲလို့ ကျွန်မ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ယူစဉ်ကတည်းက မြို့နယ်ရဲ့လိုအပ်ချက်ဖြစ်တဲ့ ဆရာဝန်ရရှိရေးတောင်းဆိုလာခဲ့ခြင်းဖြစ်ပါတယ်။ တောင်းဆိုတာနဲ့အညီ ရောက်ရှိလာခဲ့ကြပါသော်လည်း ပေးကားပေး၏မရဆိုသလိုဖြစ်နေပါတယ်။ လိုအပ်လို့ တောင်းဆိုခဲ့တာ ရောက်တော့ရောက်လာပါရဲ့ On Duty နဲ့ ဘွဲ့လွန်တက်ကြတာဆိုတော့ ဒုံးရင်းဒုံးရင်းပဲပြန်ဖြစ်နေပါတယ်။ အခုလို ဖွံ့ဖြိုးမှု နောက်ကျနေတဲ့မြို့လေးမှာ ဆေးဝါးပစ္စည်းက မပြည့်စုံ၊ ဆရာဝန်က မပြည့်စုံ၊ ကျန်းမာရေးအတွက် အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေရပါတယ်။ ဘွဲ့လွန်သင်တန်းတက်တဲ့ကာလဟာ နှစ်နှစ်ဖြစ်လို့ နှစ်နှစ်ကာလအတွင်း လစ်လပ်နေခြင်းကို အစားထိုးပေးဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ဘွဲ့လွန်သင်တန်းတက်နေချိန်မှာ အစားထိုး ခန့်အပ်နိုင်ဖို့အစီအစဉ်ရှိပါသလား။ ဘယ်လိုစီမံဆောင်ရွက်ထားပါသလဲဆိုတာသိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု၏ မေးခွန်းဖြစ်တဲ့ မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လစ်လပ်နေသော လက်ထောက်ဆရာဝန်တစ်ဦးအား ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဘွဲ့လွန်တက်နေသော ဆရာဝန်များအစား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာန မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံရဲ့ဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်အင်အားကတော့ လေးဦး၊ ခန့်ထားသုံးဦး၊ လစ်လပ်တစ်ဦးဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ ခန့်ထား သုံးဦးနှင့် နှစ်ဦးကလည်း ဘွဲ့လွန်တက်နေတဲ့အတွက် TMO တစ်ဦးနှင့် AS တစ်ဦးပဲရှိနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဆေးရုံကို ပြန်ကြည့်လိုက်ပါတယ်။

ခက်ခဲနေတယ်ဆိုတာ မှန်ပါတယ်။ ဒီဆေးရုံရဲ့ လူနာလာမှုအခြေအနေကို ပြန်သုံးသပ်တဲ့အခါမှာ အတွင်းလူနာကတော့ ပျမ်းမျှ တစ်နေ့ကို ၂၀ ရှိပါတယ်။ အပြင်လူနာ ကိုးဦးပဲရှိပါတယ်။ ပြန်ကြည့်တဲ့အခါမှာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ၂၀၁၈ ခုနှစ်အထိ ကြည့်တဲ့အခါမှာ အလွန်နည်းနေပါတယ်။ အတွင်းလူနာ။ ၂၀၁၅-၂၀၁၆-၂၀၁၇-၂၀၁၉-၂၀၂၀ ပြင်ပလူနာကလည်း ငါးယောက်၊ လေးယောက်၊ သုံးယောက်၊ ငါးယောက်၊ ကိုးယောက်ဖြစ်နေပါတယ်။ ကျွန်တော်တို့ ပြန်သုံးသပ်ဖို့က လွှတ်တော် ကိုယ်စားလှယ်တော်ကြီးကတော့ တောင်းတယ်။ ကျွန်တော်တို့က ပြန်သုံးသပ်ဖို့ဆိုတာ ဒီမှာရှိတဲ့ ဆရာဝန်က တစ်ချိန်လုံးမရှိလို့လား။ ဆရာဝန်ရဲ့ကုသမှုက လိုနေလို့လား။ သို့မဟုတ် ဒီလူနာများသည် တကယ်ပဲ မင်းတုန်းမြို့နယ်နှင့် ပတ်ဝန်းကျင်မှာရှိတဲ့လူနာ တကယ်ပဲကျန်းမာနေလို့ မလာတာလား။ မကျန်းမာလို့ရှိရင်လည်း ဘေးနားမှာရှိတဲ့ Station Hospital တွေ Rural Health Center တွေကို သွားနေသလားဆိုတာကို အတိအကျသိဖို့လိုပါတယ်။ အကယ်၍သာ အဲဒီဟာမျိုးတွေ ဖြစ်တယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ မင်းတုန်းမြို့နယ်ကို ပြန်ပြီးတော့ သုံးသပ်ပြီးတော့ ပြန်လုပ်ပေးဖို့ရှိပါတယ်။ အဲဒီတော့ ဒီအတိုင်း ဒီပုံစံနဲ့ကြည့်လို့ရှိရင် မြို့နယ်ဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦးနဲ့ လုံးဝလုံလောက်နေပါတယ်။ ဒါပေမဲ့ လုံလောက်တယ်ဆိုတာ အသေးစိတ်ကြည့်ဖို့တော့ ကျွန်တော့်အနေနဲ့ကတော့ တိုင်းဦးစီးမှူးကို အသေးစိတ်ညွှန်ကြားချက်ပေးပါ့မယ်။ ဒါတွေ အကုန်လုပ်ပါဆိုပြီးတော့ Specific ကျွန်တော်ပြောပါ့မယ်။ အဲဒါသွားကြည့်လိုက်ပါ့မယ်။ သွားကြည့်ပြီးရင် ကျွန်တော်တို့က လိုအပ်သလို ဆောင်ရွက်ပေးပါ့မယ်။

နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံမှာ ဆရာဝန်အင်အားကတော့ လိုနေပါတယ်။ မှန်ပါတယ်။ ဆရာဝန်အင်အားလိုနေတဲ့အခါကျတော့ မြို့နယ်ဆေးရုံမှာ TMO တစ်ဦးပဲရှိနေတဲ့ ဆေးရုံပေါင်းက ၄၁ ရုံရှိနေပါသေးတယ်။ နောက်ပြီးတော့ TMO နဲ့ လက်ထောက်ဆရာဝန်တစ်ဦးပဲ ရှိတဲ့ ဆေးရုံက ၅၈ ရုံရှိပါတယ်ဆိုတာကို ခန့်ဖို့ကတော့ လိုနေပါသေးတယ်။ ဒါတွေကတော့ ကျွန်တော်တို့က နိုင်ငံတစ်ဝန်းအနေနဲ့ နောက် မကြာခင်ကာလမှာတော့ စဉ်းစားရမှာဖြစ်ပါတယ်။ ဆရာဝန်လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းမလဲဆိုတာ ကျွန်တော်တို့ အကုန်လုံး ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးပြီးတော့ လုပ်မှဖြစ်မှာပါ။ ဒီအတိုင်းဆက်သွားရင် ကျွန်တော်တို့က နည်းနည်းကုသဖို့က ဆရာဝန်မရှိ၊ ဘာညာမရှိဆိုလို့ရှိရင် ကျွန်တော်တို့ နည်းနည်းလေးအခက်အခဲရှိနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြချင်တာကတော့ တိုင်းဦးစီးမှူးကို သေချာညွှန်ကြားမှာပါ။ ဒါတွေ ကြည့်ခဲ့၊ ကြည့်လို့ သူတွေ့ရှိချက်ကိုမူတည်ပြီး လိုအပ်လို့ရှိရင်တော့ ချက်ချင်းလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မင်းတုန်းကလည်း ခက်ခဲဒေသဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒါကို အရေးတယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော်လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။အခုလို ဖြေကြားပေးတဲ့ ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မထပ်ပြီးတော့ မေးမြန်းဆွေးနွေးလိုတာကတော့ ကျွန်မတို့မြို့နယ်မှာ အတွင်းလူနာနည်းနေတယ်လို့ သိရပါတယ်။ အတွင်းလူနာဘာကြောင့်နည်းနေသလဲဆိုတာကို

ပြန်လည်ပြီးတော့ ဝန်ကြီးအနေနဲ့ ပြန်လည်ပြီးတော့ သုံးသပ်စေချင်ပါတယ်။ ကျွန်မတို့ လူနာတွေဟာ မကွေး၊ ပြည် အမြဲပို့နေရပါတယ်။ တစ်နေ့ကို နှစ်ယောက်၊ သုံးယောက် အဲဒီလိုနည်းနဲ့ပို့နေရပါတယ်။ အဲဒီလိုပို့နေရတာတွေဟာ ကျွန်မတို့ဆီကို ပို့လိုက်တဲ့ဆရာဝန်တွေကပဲ ညံ့လို့လား။ ဆေးဝါးပစ္စည်းတွေကပဲမပြည့်စုံလို့လား။ ဆေးရုံမှာလိုအပ်နေတဲ့ ပစ္စည်းကိရိယာတွေကပဲ လိုအပ်နေလို့လားဆိုတာကိုလည်း ပြန်လည်ပြီးတော့ သုံးသပ်စေချင်ပါတယ်။ အရေးကြီးလူနာဆိုရင် မကွေးကို ချက်ချင်းပို့ရတာတို့၊ ပြည်ကို ချက်ချင်းပို့ရတာတို့လည်း ရှိပါတယ်။ အဲဒီလိုရှိနေတဲ့အတွက်ကြောင့်လည်း ကိုယ့်မြို့နယ်ရဲ့ ဆေးရုံကို အားမကိုးတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ အခု ကျွန်မဆွေးနွေးတဲ့ဟာတွေကို ဝန်ကြီးအနေနဲ့ ပြန်လည်သုံးသပ်ပြီးရင် ကျွန်မတို့မြို့နယ်နဲ့ အဆင်ပြေမယ့်၊ ကိုက်ညီမယ့် ဆရာဝန်မျိုးကို ပို့ပေးစေချင်ပါတယ်လို့ ပြန်လည်ပြီးတော့ ဆွေးနွေးမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ နောက်တစ်ခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါ်ခင်သန်းနု ပြောတဲ့ ထပ်ပြီးတော့ မေးခွန်းတွေက အလွန်ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ တော်တော်ကို ပီပြင်တဲ့မေးခွန်းများဖြစ်ပါတယ်။ အဲဒီမေးခွန်းတော်တော်လေးကောင်းပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြန်ကြည့်မှာပါ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒါတွေ တော်တော်မှန်ပါတယ်။ ဆရာဝန်ကပဲ မကျွမ်းကျင်လို့လား။ ဆရာဝန်က မရှိလို့လား။ ဆက်ဆံရေးလား၊ ဘာလား၊ အကုန်ကြည့်ရမှာပါ။ သို့သော် မင်းတုန်းကနေ မကွေးလွှတ်တယ်ဆိုတာ အပြောမှာတော့ လွယ်ပါတယ်။ ပိုက်ဆံအလွန်ကုန်ပါတယ်။ လမ်းမှာလည်း သေနိုင်ပါတယ်။ ကျွန်တော်တို့ ဒါမျိုးတွေ မြို့နယ်ဆေးရုံတွေမှာ လူနာနည်းနေခြင်း၊ တိုက်နယ်ဆေးရုံတွေမှာ လူနာနည်းနေခြင်းကို ကျွန်တော်တို့မှာ ပိုက်ဆံလည်းရှိပါတယ်။ သုတေသနပုံစံနဲ့ အမြန်ဆုံးလုပ်ဖို့ရှိပါတယ်။ အဲဒါလုပ်လိုက်လို့ သိလာမယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ပြောတဲ့အချက်တွေမှန်လို့ရှိရင် ဒါကို ပြန်လုပ်ပေးရမယ်။ ဆရာဝန်ရဲ့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ မြှင့်တင်ရမှာကအစ သူနာပြု အကုန်လုံး၊ အကုန်လုံး လုပ်ပေးပါ့မယ်။ သို့မှသာလျှင် ကျန်းမာရေးစနစ်ကြီးဟာ ပိုက်ဆံမရှိသော်လည်း ပီပြင်တဲ့ ကျန်းမာရေးစနစ်ကြီးဖြစ်လာမယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်ခင်ဗျား။

**ကျောင်းကျန်းမာရေးကဏ္ဍ ပိုမိုထိရောက်စေရန်နှင့် ကျောင်းကျန်းမာရေးကဏ္ဍမှ နိုင်ငံတော်၏ Health Information တစ်ခုအဖြစ် အသုံးပြုရန် ကျောင်းသားတိုင်းအတွက် ကျန်းမာရေးမှတ်တမ်း (Health Record)ထားရှိပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး

ဖြစ်ပါတယ်။ ကျွန်မမေးလိုတဲ့မေးခွန်းကတော့ ကျောင်းကျန်းမာရေးကဏ္ဍ ပိုမိုထိရောက်စေရန်နှင့် ကျောင်းသားများရဲ့အသက်အရွယ်အလိုက် နိုင်ငံတော်ရဲ့ ကျန်းမာရေးအချက်အလက်(Health Information)တစ်ခုအဖြစ် အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး အခြေခံပညာကျောင်းများ၌ ကျောင်းသားတိုင်းအတွက် Health Record(ကျန်းမာရေးမှတ်တမ်း)ထားရှိပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ အခြေခံကျောင်းများ၊ အထူးသဖြင့် မူလတန်းကျောင်းများမှာတော့ ကျွန်မတို့နှစ်စဉ် ကျောင်းကျန်းမာရေးဆိုတာ အမြဲတမ်းလုပ်ကြပါတယ်။ ကျောင်းကျန်းမာရေးဌာနရှိတဲ့ မြို့များမှာတော့ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်နဲ့အဖွဲ့ကပဲဖြစ်ဖြစ်၊ ကျောင်းကျန်းမာရေးဌာနမရှိတဲ့မြို့များမှာတော့ သားဖွားဆရာဝန်ထမ်းခေါင်းဆောင်တဲ့အဖွဲ့များကလည်းကောင်း နှစ်စဉ်ပြုလုပ်ကြပါတယ်။ လက်ရှိမှာတော့ ကျောင်းသားငယ်များကို မျက်စိ၊ နား၊ သွားကျန်းမာရေးအပြင် လည်ပင်းမှာ တီဘီကျိတ်ရှိ/မရှိ၊ အိုင်အိုဒင်းချို့တဲ့တဲ့လည်ပင်းကြီးအကျိတ်ရှိ/မရှိ၊ လည်ပင်းကြီးရောဂါရှိ/မရှိနဲ့ အာဟာရချို့တဲ့ခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းခြင်းတို့ကိုပဲ စစ်ဆေးပြီးတော့ အစီရင်ခံစာကို ကျန်းမာရေးဦးစီးဌာနအဆင့်ဆင့်ကို တင်ပြနေကြတာဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးလုပ်စဉ်မှာ လိုအပ်လို့ရှိရင် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများကို ညွှန်းပို့ခဲ့ကြပါတယ်။ ညွှန်းပို့ခဲ့တဲ့ကျောင်းသားများရဲ့ကျန်းမာရေးကို နောင်နှစ်ကျောင်းကျန်းမာရေးဝင်တဲ့အခါမှာတော့ ပြန်လည်လို့ စစ်ဆေးခြင်း၊ မှတ်တမ်းယူခြင်းများ လုပ်နိုင်ခြင်းမရှိပါဘူး။ ကျောင်းကျန်းမာရေးစစ်ဆေးစဉ်မှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ခွင့်ပြုလိုက်တဲ့သန်ချဆေးတို့၊ သွေးအားတိုးဆေးလောက်တို့ကိုပဲ အသုံးပြုပြီး စစ်ဆေးတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဒီကျောင်းကျန်းမာရေးစစ်ဆေးစဉ်မှာ ပိုမိုပြီးထိရောက်ရန်အတွက် ဖြစ်သင့်တယ်ဆိုတဲ့အကြံလေးတစ်ခုကို ဒီမေးခွန်းမှာထည့်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ Grade(1) ကျောင်းအပ်စဉ် သို့မဟုတ် မူလတန်းကျောင်းမှာ ကျောင်းကျန်းမာရေးဝင်စဉ်မှာ ကလေးတိုင်းအတွက် ကျောင်းကျန်းမာရေး Record ကို ထားရှိပြီးတော့ ဒီမှတ်တမ်းကို ကလေးကျောင်းပြောင်းတိုင်း၊ အတန်းပြောင်းတိုင်း လိုက်သွားမယ်ဆိုလို့ရှိရင် ကျောင်းသားရော၊ မိဘရော၊ ဆရာများအတွက် အထူးသင့်လျော်ကောင်းမွန်လှပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းကျန်းမာရေးမှတ်တမ်းမှာတော့ ကိုယ်ရေးအချက်အလက်ပါမယ်။ အရပ်တို့၊ အလေးချိန်တို့ပါမယ်။ ကာကွယ်ဆေးထိုးနှံမယ့်မှတ်တမ်းရှိမယ်ဆိုရင်ထည့်မယ်။ မွေးရာပါရောဂါမှတ်တမ်းရှိမယ်ဆိုရင်လည်း အဲဒီ Record ထဲမှာထည့်ထားမယ်။ တစ်ခါ ပုံမှန်ဆေးကုသနေရတဲ့ရောဂါနဲ့ ဆေးဝါးမှတ်တမ်းရှိမယ်။ ဥပမာ-ART ပေါ့။ HIV ကုနေရမယ်။ မှတ်တမ်းရှိမယ်။ တီဘီဆေးသောက်နေရတဲ့ဆေးမှတ်တမ်းရှိမယ်။ အဲဒါတွေလည်းထည့်ထားမယ်။ နောက်တစ်ခါ ခွဲစိပ်ကုသမှုမှတ်တမ်းရှိမယ်ဆိုရင်လည်း ထည့်သွင်းထားမယ်ဆိုရင် အင်မတန်ပဲ ဆရာရော၊ ကျောင်းသားတွေမှာရော အကျိုးကျေးဇူးရှိလှပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီအကျိုးကျေးဇူးကို ကျွန်မ ဥပမာတစ်ခုအနေနဲ့ပြောရမယ်ဆိုရင် ကျွန်မတို့ရဲ့ ကျေးရွာများဟာ မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလှတဲ့အတွက် ကလေးငယ်အချို့ဟာ HIV ရောဂါများနဲ့ ကျန်ရစ်ခဲ့ကြပါတယ်။ အဲဒီတော့ ကျောင်းအပ်ပြီးတော့ ကျောင်းတက်နေမယ်ဆိုရင် သူ့ရဲ့ Health Record ထဲမှာ သူ့ရဲ့ HIV ကုထားမယ့်မှတ်တမ်းတွေ၊ ဆေးဝါးတွေကိုထားရှိမယ်ဆိုရင် သူ Accident

တစ်ခုခုပဲ။ ဥပမာ-အနည်းဆုံးဆော့ကစားလို့သွေးထွက်တာပဲဖြစ်ဖြစ်၊ တခြားအရေးပေါ်တစ်ခုခု ဖြစ်နေတာပဲဖြစ်ဖြစ်ဆိုရင် ဒီ Health Record ကိုကြည့်နေပြီး ဆရာရော၊ ကျောင်းသားရော ဆောင်သင့်/ရှောင်သင့်တဲ့အချက်များကို သိရှိမှာဖြစ်ပါတယ်။ အဲဒီအပြင် ဥပမာ-ကျွန်မတို့မြို့တွေမှာဆိုရင် Epileptic Fit ခေါ်တဲ့ ဝက်ရူးပြန်ရောဂါဟာ အဆင့်ဆင့်ကို ကျောင်းသားငယ်များမှာ တွေ့ရပါတယ်။ ဒီလိုဖြစ်တဲ့အခါမှာ Health Record ထဲမှာကြည့်ပြီး ရောဂါရှိတဲ့ကျောင်းသားငယ်များကို ဆရာဆရာမများသိမယ်ဆိုရင် သူဟာဘယ်လိုဆက်ဆံရင်၊ သူ့ကိုဘယ်လိုနေရာမှာထားရင် ဝက်ရူးပြန်ဖြစ်တယ်ဆိုတဲ့ဓလေ့ကို ဆရာဆရာမများ သိထားနိုင်ပါတယ်။ အဲဒီအပြင် ကျောင်းကျန်းမာရေးဝင်လာလို့ရှိရင်လည်း ကျောင်းကျန်းမာရေးစစ်ဆေးတဲ့တာဝန်ရှိသူများက Health Record ကို ဖြည့်သွင်းပြီးတော့ ရေတွက်သွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက် အထူးပဲ ကျောင်းကျန်းမာရေးကဏ္ဍမှာ တိုးတက်လာမှာဖြစ်ပါတယ်လို့ ကျွန်မ တင်ပြလိုပါတယ်။

သို့ဖြစ်ပါသဖြင့် ဥက္ကဋ္ဌကြီးရှင့်။ မွေးရာပါ နှလုံးရောဂါတို့၊ ဦးနှောက်ဖွံ့ဖြိုးမှုအားနည်းနေတဲ့ရောဂါများကိုလည်း Health Record ကနေတစ်ဆင့် သိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့အရေးပါလှတဲ့ကျောင်းသားလူငယ်ကလေးများရဲ့ ကျောင်းကျန်းမာရေးမှတ်တမ်းကို ထားရှိခြင်းအားဖြင့် ကျောင်းကျန်းမာရေးကဏ္ဍစစ်ဆေးခြင်းကို ပိုမိုတိုးတက်လာမယ့်အပြင် ကျောင်းသားအရွယ်အလိုက် နိုင်ငံရဲ့ Health Information တစ်ခုအဖြစ် အသုံးပြုနိုင်ပါသဖြင့် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံး၏မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းဟာ အလွန်အရေးကြီးတဲ့ မေးခွန်းဖြစ်တဲ့အတွက် (၅)မိနစ်ထက်ကျော်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသေးစိတ်လည်း ဖြေကြားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျနိတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျွန်တော့်အနေနဲ့ သိစေချင်ပါတယ်။ ကျွန်တော်တို့ ဘာလုပ်နေတယ်။ ဘာလုပ်သင့်တယ်ဆိုတာဖြစ်ပါတယ်။ အဲဒီတော့ ဒီမေးခွန်းကို မေးတဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံမှာ ကျောင်းသားပေါင်းက ၉.၅ သန်းလောက်ရှိပါတယ်။ ဒီ ၉.၅ သန်းသောကျောင်းသားများသည် ကျန်းမာမယ်။ သန်စွမ်းမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ရှေ့ရေး၊ ပြည်သူများရဲ့ကျန်းမာရေးဟာ လုံးဝကောင်းမယ်ဆိုတာ တစ်ထစ်ကျပြောစရာတောင်မလိုပါဘူး။ အထူးသဖြင့် ကျန်းမာရေးတင်မကဘူး။ သူတို့ရဲ့ကျင့်ကြံနေထိုင်ပုံစံ အကုန်လုံး။ ဆေးလိပ်သောက်ခြင်း/မသောက်ခြင်း၊ ဆေးလုပ်ခြင်း/မလုပ်ခြင်း ဒါတွေကကအစ အလွန်အရေးကြီးပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ဒါကို ဖြည့်ဆည်းပေးလိုတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ကျွန်တော်တက်ကတည်းက ဦးစားပေးသုံးခုထဲမှာ ကျောင်းကျန်းမာရေးလုပ်ငန်းကို

ဒီတစ်ခုပါပါတယ်။ ကျွန်တော်တို့ ဒီမှာ ဘာကြောင့်ဒီလိုပြောလဲဆိုတော့ တစ်ပြည်လုံးကိုသုံးသပ်လို့ရှိရင် Three Categories ရှိပါတယ်။ တစ်က ကျောင်းသားထု၊ ပြည်သူ၊ နောက်တစ်ခုက အစိုးရဝန်ထမ်း၊ စက်ရုံအလုပ်ရုံအလုပ်သမားများဖြစ်ပါတယ်။ Three Categories ပေါ့။ အဲဒီတော့ ကျွန်တော်တို့က ဒီသုံးမြို့မှာ ကျောင်းသားထုရဲ့ကျန်းမာရေးကိုသာ သေချာကိုင်တွယ်နိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ တော်တော်ကို လုံလောက်သောကျန်းမာရေးဝန်ဆောင်မှုပေးတယ်ဆိုတာကို ရှင်းနေပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းဆိုတာ ပါးစပ်ကတော့ ကျောင်းကျန်းမာရေးလုပ်ငန်း ပြောသလို သူ့ဆီမှာ အားလုံးကိုးခုလောက်ရှိပါတယ်။ ကျောင်းအခြေပြု ကျန်းမာရေးအသိဉာဏ် မြှင့်တင်ရေးလုပ်ငန်းပါပါတယ်။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းပါပါတယ်။ ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းပါပါတယ်။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးကဏ္ဍပါပါတယ်။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍပါပါတယ်။ ပြည်သူ လူထု၏ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှ ပြည်သူလူထုသို့ မှန်မှန်ကန်ကန် လူနေမှုဘဝမှန်များရောက်ရှိ ရေးလုပ်ငန်းပါပါတယ်။ နှစ်သိမ့်ပညာ ပေးဆွေးနွေးခြင်း (Counseling) ကိုစွတွေ(Altitude နဲ့ Living) အများကြီး။ ခုနကပြောတဲ့ HIV တွေဖြစ်နေပြီဆိုရင် Counseling လုပ်ရပါတယ်။ ဒီလိုလုပ်ငန်းတွေလည်း ကျွန်တော်တို့ ပါပါတယ်။ ထို့အပြင် သင်တန်းနှင့် သုတေသနလုပ်ငန်းတွေ လည်း ပါတဲ့အပြင် အားကစားနှင့် ကာယလည်းပါတယ်။ ဆိုလိုတာက ကျောင်းကျန်းမာရေးလို့ ပြောလိုက်တာနဲ့ ကိုးခုသောတာဝန်တွေကို ကျွန်တော်တို့ လုပ်ရတဲ့အတွက် အလွန်လည်းအရေးကြီး တယ်။ အလွန်လည်းအရေးကြီးတယ်ဆိုတာရှင်းနေပါတယ်။ နောက်တစ်ချက်က ဒီကျန်းမာရေးစစ်ဆေး ပေးခြင်းလုပ်ငန်းကတော့ ပြောရမယ်ဆိုလို့ရှိရင် ကျောင်းသား ကျောင်းသူများ၏ကျန်းမာရေးချို့တဲ့မှုကို စောစီးစွာတွေ့ပြီးတော့ အချိန်မီကုသခြင်း၊ ဥပမာ- Mal Nutrition အရဖြစ်သလား။ မွေးကတည်းက ပါတဲ့နှလုံးရောဂါရှိသလား။ ကြွက်သားနဲ့ပတ်သက်တဲ့ ရောဂါတွေရှိသလား။ အကုန်အကုန်ပါ။ စောစီးစွာသိနိုင်တဲ့အတွက် ကျောင်းကျန်းမာရေးက အလွန်အရေးကြီးပါတယ်။ အဲဒါကြောင့် အရေးကြီးရင်ကြီးသလို လူနာလွှဲပြောင်းကုခြင်းလုပ်ငန်းနဲ့ လုပ်နေပါတယ်။ နောက်တစ်ချက်က ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းသူကျောင်းသားများကို ရာနှုန်းပြည့်လွှမ်းခြုံပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြော တဲ့အတိုင်း မေးစရာရှိတယ်။ ကောင်းပြီ။ ကျွန်တော့်မှာ စာရင်း ဇယားတွေ။ စာရင်းဇယားတွေက ကတ်မှာရေးတဲ့အခါကျတော့ ဒီကတ်တွေကို ကောင်းကောင်းသိမ်းထားတဲ့ကျောင်းတွေရှိသလို၊ ကောင်းကောင်းမသိမ်းထားတဲ့ ကျောင်းတွေကလည်းရှိတဲ့အခါကျတော့ ကျွန်တော့်ကိုမေးလိုက်မယ်။ တစ်ပြည်လုံးမှာရှိတဲ့ကျောင်းသားတွေရဲ့ ကျန်းမာရေးအခြေအနေဘယ်လိုရှိလဲ ကျွန်တော့်အနေနဲ့ ဖြေလို့မရဘူး။ အဲဒီတော့ ကျွန်တော် တို့က ဘာလုပ်ဖို့ရှိပါသလဲဆိုလို့ရှိရင် ဒါကို Computerize System နဲ့လုပ်ရင် အများကြီး။ နောက် ဒီမှာ ကျွန်တော်ရှင်းပြပါမယ်။ အဲဒါကြောင့် ကျောင်းကျန်းမာရေး ကို တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းကို Special ပေါ့။ Top Priority အားစိုက်ပြီး ကျွန်တော်လုပ်နေပါတယ်။ နောက်တစ်ချက်က ကျောင်းကျန်းမာရေးစစ်ဆေးရေးမှာမှ အထူးသဖြင့် မူလတန်းကျောင်းသားကျောင်းသူတွေပေါ့။

ကိုယ်အလေးချိန်တယ်။ အရပ်တိုင်းတယ်။ တစ်ကိုယ်ရည်သန့်ရှင်းမှုရှိ/မရှိစစ်တယ်။ ကျန်းမာရေးနှင့်ပတ်သက်သော အထွေထွေလက္ခဏာများ အရေပြားကျန်းမာရေး၊ မျက်စိ၊ နား၊ သွား၊ ခံတွင်းစစ်ဆေးခြင်း၊ ကျောင်းသားလူငယ်များတွင် အဖြစ်များသော ရောဂါများစစ်ဆေးခြင်း၊ ကုသခြင်း၊ Referer ညွှန်းပို့ခြင်းကို လုပ်ပါတယ်။ အလယ်တန်းနဲ့ အထက်တန်းကျောင်းသားကျောင်းသူများအတွက်မူ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းကို အဓိကထားပြီးတော့ ဆောင်ရွက်ပေးတယ်။ ကုသမှုပေးခြင်းနဲ့ ညွှန်းပို့ခြင်းကိုလည်းလုပ်ပါတယ်။ ခုန ကျွန်တော်ပြောတဲ့ ကျောင်းသားတစ်ဦးစီရဲ့ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနဲ့ မှတ်တမ်းထားမှုကိုတော့ ယခင်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း ဗဟိုပုံနှိပ်ထဲမှာ ထုတ်ဝေဖြန့်ဖြူးမှုမရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မရှာနိုင်ပါဘူး။ တချို့ကျောင်းတွေမှာရှိတယ်။ တချို့ကျောင်းတွေမှာ ခုနပြောတဲ့ Health ကမရှိပါဘူး။ အဲဒီလိုဖြစ်နေပါတယ်။ မြို့နယ်ကျန်းမာရေးဦးစီးမှူးနဲ့ ကျောင်းကျန်းမာရေးဆရာဝန်တို့မှ စိတ်အားတက်ကြွစွာဖြင့် အလှူရှင်များကိုစုရုံး၍ ကျန်းမာရေးစစ်ဆေးမှုအတွက် မိဘဆရာအသင်းကငွေတွေ အဲဒီအလှူရှင်ကပံ့ပိုးပြီးတော့ မြို့နယ်အချို့မှာတော့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆောင်ရွက်နိုင်ပြီးမှတ်တမ်းများရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံး တစ်ပြေးညီ အသုံးပြုနိုင်ရန် ကျောင်းသားတစ်ဦးချင်းစီအတွက် ကျောင်းကျန်းမာရေးစစ်တမ်းကို ၂၀၁၇ ခုနှစ်က ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ခုနှစ်မှာ ကမ္ဘာ့ဘဏ်အကူအညီနဲ့ စတင်ရိုက်နှိပ်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကြည့်ခဲ့ပါတယ်။ ဒီမှာပါတဲ့ ဒီ Format မှာ တော်တော်လည်းကောင်းပါတယ်။ ကျွန်တော်အနေနဲ့ အခု ပြန်လည်စဉ်းစားတဲ့အခါမှာ Format ကိုတော့ နည်းနည်းလေးပိုကောင်းအောင် လုပ်ဖို့ရှိပါတယ်။ သိပ်မထည့်ဘူး။ လိုအပ်တာတွေပဲ ထည့်မယ်။ မလိုတာမထည့်တော့ဘူး။ အကုန်လုံး Format ထဲမှာ အကုန်ပါနေရင် ကျွန်တော်တို့လည်း မလုပ်နိုင်ပါဘူး။ မလုပ်နိုင်အောင်မထည့်ဘဲနဲ့ အဓိကအရေးကြီးတာပဲပါဖို့ မနေ့ကပဲ ကျောင်းကျန်းမာရေး ညွှန်ကြားရေးမှူးနဲ့ ကျွန်တော် ဆွေးနွေးပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ လုပ်တဲ့အခါမှာ ခွင့်ပြုရန်ပုံငွေအကန့်အသတ်ရှိတဲ့အတွက် ကျွန်တော်တို့က ဒီကတ်တွေကို ဘယ်မှာလုပ်နိုင်လဲဆိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော သူငယ်တန်း၊ အလယ်တန်းကျောင်းသူကျောင်းသား နှစ်သိမ်းခန့်အတွက်ကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ စပြီးလုပ်မှာပါ။ ဒီကတ်နဲ့ အဲဒီလိုလုပ်ဖို့ရှိပါတယ်။ အဲဒီတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောင်းကျန်းမာရေးစစ်တမ်းအရ အရေအတွက် နှစ်သိမ်းကို နိုင်ငံတော်ရန်ပုံငွေဖြင့် ထပ်မံရိုက်နှိပ်ရန်စီစဉ်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှာ ပညာသင်ကြားလျက်ရှိသော သူငယ်တန်းကျောင်းသူများအတွက် အသုံးပြုဖို့ လျာထားပါတယ်။ ပိုက်ဆံလည်း လျာထားပါတယ်။ ရှိပါတယ်။ အဲဒီတော့ ကျောင်းသားတစ်ဦးချင်းစီအတွက် ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကို သူငယ်တန်း စတင်ရောက်သည့်အချိန်တွင် စပြီးသုံးမှာဖြစ်ပြီး သူငယ်တန်းပြီးဆုံးတဲ့အချိန်မှာ တစ်ကြိမ်ပြန်တိုင်းမှာပါ။ Base Line ယူမယ်။ သူငယ်တန်းထွက်တဲ့အခါမှာ ဘယ်အခြေအနေရှိတယ်။

ကျွန်တော်တို့ လုပ်မှာပါ။ ဒီကျောင်းကျန်းမာရေးစစ်တမ်းမှာ အခုနက ကျွန်တော် ပြောတဲ့အတိုင်း ကျောင်းသားတစ်ဦးရဲ့ အရပ်အမောင်း၊ ကိုယ်အလေးချိန်က အရမ်းအရေးကြီးပါတယ်။ ပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အမြဲတမ်းပြောပါတယ်။ Nutrition က အရမ်းစိုးရိမ်တဲ့ အခြေအနေ Nutrition မကောင်းရင် Brain Development ကအစ၊ ဉာဏ်ရည်မမှီတာအစ အများကြီး အများကြီး နောက်ဆက်ဆိုးကျိုးတွေဖြစ်တဲ့အတွက် Nutrition ကိုသိဖို့အတွက်က ကျွန်တော် သေချာလုပ်နေပါတယ်။ နောက် မိသားစုရာဇဝင်။ မိသားစုမှာ တက်တဲ့ဟာရှိသလား။ အဖေမှာ သွေးတိုးရှိသလား။ အမေမှာ ဆီးချိုရှိသလား။ အစရှိသဖြင့် ဒါတွေကလည်း ထည့်ရေးရပါတယ်။ အဖေ၊ အမေမှာ သွေးတိုး၊ ဆီးချိုရှိလို့ရှိရင် ဒီကလေးလေးမှာ သွေးတိုး၊ ဆီးချို၊ အဖေ၊ အမေ ဝလို့ရှိရင် ကလေးတွေက ဝမယ်။ ဒါတွေကို ကျွန်တော်တို့က အကုန်လုံး ဒီမှတ်တမ်းမှာ ထည့်ထားလို့ရှိရင် ဒီကလေးတွေသည် ရှေ့မှာ ကျန်းမာမလား။ မကျန်းမာဘူးလား။ ဘာတွေကို Prevent လုပ်ရမလဲဆိုတာ ကျွန်တော်တို့က အလုပ်လုံးသိမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ လုပ်တဲ့အခါမှာတော့ မိဘဆရာအသင်းရဲ့ ထောက်ခံမှု၊ ပံ့ပိုးမှုကတော့ အလွန်လိုပါတယ်။ သူတို့ပါဝင်မှသာလျှင် အောင်မြင်မယ်။ ဒါမဟုတ်လို့ရှိရင် ကျွန်တော်တို့က သွားလုပ်နေရင် သူစိမ်းလိုဖြစ်နေပါမယ်။ သူတို့ ပါဝင်ပံ့ပိုးပြီး ကျွန်တော်တို့ ကျောင်းကျန်းမာရေး Team အနေနဲ့ ပေါင်းပြီးလုပ်မှသာလျှင် သူက Ownership ပေါ့လေ။ ဆက်စပ် Ownership ပိုင်ဆိုင်မှုသဘောတရားရှိပြီးတော့ ဆက်လက်ပြီး အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ကြည့်တဲ့အခါမှာ အခြေခံမူလတန်းကျောင်းသား စုစုပေါင်းက ငါးသန်းရှိပါတယ်။ နှစ်စဉ် သူငယ်တန်းသို့ ဝင်ရောက်သောကျောင်းသားဦးရေမှာ ၁၂ သိန်းခန့်ရှိတယ်လို့ သိရှိရပါတယ်။ နှစ်စဉ် သူငယ်တန်းကျောင်းသားဦးရေ ၁၂ သိန်းအတွက် ကျောင်းကျန်းမာရေးစစ်တမ်း ပုံနှိပ်ဖြန့်ဖြူးရန် သိန်း ၅၅၀ လောက်ကုန်မယ်။ သိန်း ၅၅၀ ကိုတော့ ကျွန်တော်တို့ မပေးနိုင်ရင်လည်း ပညာရေးဝန်ကြီးဌာနဘတ်ဂျက်က နည်းနည်းမျှပေးတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒါကို အမြန်ဆုံးလုပ်ပေးလို့ရပါတယ်။ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ကတော့ ဒီမှာကြည့်တဲ့အခါမှာ အဖြစ်နိုင်ဆုံး ကျွန်တော် နည်းနည်းရှည်မှာဆိုးလို့ပါ။ အဖြစ်နိုင်ဆုံးကတော့ ကျွန်တော်တို့ ဘာလုပ်ဖို့လဲဆိုရင် Electronic Information System ဆိုလို့ရှိရင် Laptop တွေ ဝယ်ပေးပြီးတော့ အဲဒီအထဲမှာ Format ကို ထည့်ထားမယ်။ အကုန်လုံးထည့်ထားလိုက်လို့ရှိရင် တွေ့တဲ့ဖိုင်တွေကို ဒီမှာရိုက်ပြီးသားရှိတဲ့အတွက် ကြောင့်မို့လို့ ဖြည့်ရုံပဲ။ ဒါဖြည့်ရင် ဘာအကျိုးရှိမလဲ။ ဒီတစ်ကျောင်းလုံးအနေနဲ့ ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်မှာရှိတဲ့၊ ဒီမြို့နယ်မှာရှိတဲ့ ကျောင်းတွေမှာ ကျောင်းသားလူငယ်များရဲ့ ကျန်းမာရေးအဆင့် အတန်းတွေ ဘယ်လိုရှိတယ်။ ဥပမာ - ရှမ်းပြည်နယ်မှာလား။ စစ်ကိုင်းတိုင်းဒေသကြီးမှာလား။ နှလုံးရောဂါရှိနေတဲ့ကလေးက ဘယ်နှစ်ယောက်လဲ။ ဒီ Skin နဲ့ပတ်သက်တာ ဘယ်နှစ်ယောက်လဲ။ အစာအာဟာရချို့တဲ့တဲ့ကလေးက ဘယ်နှစ်ယောက်။ အကုန်လုံးတစ်ခါတည်း ခလုတ် တစ်ချက်နှိပ်တာနဲ့ ကျွန်တော်ကသိမယ်ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာလုပ်နေတဲ့ National Health မှာဒါတွေအကုန်ထည့်ပြီးတော့လုပ်မယ်ဆိုလို့ရှိရင် မဖြစ်နိုင်စရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့က ဒါကိုလုပ်ကိုလုပ်ရမှာပါ။ Electronic System နဲ့မသွားလို့ရှိရင် ဒီကတ်တွေက ဘယ်လိုမှ

ထည့်သာထည့်တယ်။ ဘယ်လိုမှအသုံးပြုလို့မရမှာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီ Electronic System ကိုစသုံးဖို့ ကျွန်တော်လည်း မနေ့က ညွှန်ကြားထားပါတယ်။ ကွန်ပျူတာတို့ဝယ်ဖို့ဆိုတာ ပိုက်ဆံလည်းဒီလောက်ကြီးမကုန်ပါဘူး။ ကျွန်တော် အဲဒါကို ဆက်လက်ပြီးလုပ်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးဒေါ်ပြုံးအား ကျေးဇူးလည်းတင်တယ်။ ကျွန်တော့်အနေနဲ့ အဲဒီလောက်ပဲ ဖြေကြားခွင့်ပြုပါခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်မြို့ ရွှာသာကြီးပရဆေးဥယျာဉ်တွင် တိုင်းရင်းဆေးသိပ္ပံနှင့် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ ရန်ကုန်မြို့ ရွှာသာကြီး ပရဆေးဥယျာဉ်မှာ တိုင်းရင်းဆေးသိပ္ပံနဲ့ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီး ဖွင့်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ မြန်မာ့တိုင်းရင်းဆေးပညာဟာ အစဉ်အလာ ဂုဏ်ဒြပ်ကြီးမားခဲ့သလို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုမှာ တစ်ထောင့်တစ်နေရာကပါဝင်နေပြီး အခြေခံပြည်သူများရဲ့ ယုံကြည်အားထားခံရဆဲလည်း ဖြစ်ပါတယ်။ ယခု အစိုးသစ်ပြောင်းလာပြီး နှစ်နှစ်ခန့်အကြာမှာ တိုင်းရင်းဆေးလောကသားများရဲ့ အနှစ်နှစ်အလလက တောင်းဆိုချက်ကိုဖြည့်ဆည်းပေးပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှာ တိုင်းရင်းဆေးပညာရှင်ကို ခေတ္တညွှန်ကြားရေးမှူးချုပ်တာဝန်အထိ လူမှန်နေရာမှန်ထား ဦးဆောင်ခွင့်ပေးခဲ့တဲ့အတွက် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်အကြီး အကဲများကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ Power Point သုံးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တိုင်းရင်းဆေးသိပ္ပံကို ၁၉၇၆ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ ဖွင့်လှစ် ခဲ့ပြီးတော့ တိုင်းရင်းဆေးပညာရှင် ၂၁၈၇ ဦး မွေးထုတ်ခဲ့ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကိုတော့ ၂၀၀၁ ခုနှစ်ကနေ ယနေ့အထိ ဖွင့်လှစ်နေပြီးတော့ ၁၅၀၅ ဦး မွေးထုတ်ခဲ့ပါတယ်။ တိုင်းရင်းဆေး လက်မှတ်ရ ဆရာဦးရေစုစုပေါင်းကတော့ ၇၃၈၄ ဦးရှိပါတယ်။ တစ်နှစ်ကို တိုင်းရင်းဆေးဆရာ ၈၀ ဦးခန့် မွေးထုတ်နေတာဖြစ်ပါတယ်။ ဒီအရေအတွက်ဟာ ဆုံးပါးလျော့နည်းသွားတဲ့အရေအတွက် ကာမိရုံသာရှိပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ တိုင်းရင်းဆေးလက်မှတ်ရတဲ့ဦးရေကတော့ ၇၃၈၄ ဦးရှိပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံရဲ့ တိုင်းရင်းဆေးအခြေအနေကိုလေ့လာကြည့်တဲ့အခါ တိုင်းရင်းဆေးပညာဘွဲ့ပေးတဲ့ တက္ကသိုလ် ၂၇ ခုရှိပြီးတော့ Thai Traditional Medicine ပေးတာက တော့ ၁၈ ခုထိရှိတာတွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးနဲ့ပတ်သက်ပြီးတော့ ကျွမ်းကျင်မှုလက်မှတ် မျိုးစုံရှိပြီး တိုင်းရင်းဆေးဆရာနှင့် ဆက်စပ်အင်အားဟာ စုစုပေါင်း ခြောက်သောင်းကျော်အထိ ရှိတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မှာဆိုရင် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုပဲ ရှိပါတယ်။ ဒီဘက်ကတော့ ထိုင်းကို နှိုင်းယှဉ်ပြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၁ ခုနှစ်၊ တိုင်းရင်းဆေးတက္ကသိုလ်ပေါ်ပေါက်ခဲ့ပြီးတဲ့နောက်မှာ တိုင်းရင်းဆေးသိပ္ပံကို ရပ်ဆိုင်းထားခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းဆေးသိပ္ပံဟာ ဖွဲ့စည်းပုံလည်းရှိပြီး ဖြစ်တဲ့အတွက် ရန်ကုန်မြို့ ရွာသာကြီး ပရဆေးဥယျာဉ်ရှိ မြေဧက ၃၅ ဧကမှာ ဖွင့်လှစ်နိုင်မယ်ဆိုရင် တိုင်းရင်းဆေးတက္ကသိုလ်တက်ရောက်နိုင်ခွင့် အခွင့်မသာတဲ့ သမားအစဉ်အဆက် မျိုးဆက်သစ်တွေ အတွက် အခွင့်အလမ်းတစ်ခုရှိမှာဖြစ်ပြီးတော့ တိုင်းရင်းဆေးပညာရပ် အရှည်တည်တံ့ခိုင်မြဲ၍ ဖွံ့ဖြိုး တိုးတက်ရေးအလားအလာကောင်းများလည်း ဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူပဲ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းမှာရှိတဲ့ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီးမှာလည်း လူနာနှင့်အဆောက်အဦ ကျပ်ညပ်နေပြီးတော့ တိုးချဲ့ရန်မြေနေရာလည်း ခက်ခဲနေပါတယ်။ အဲဒါကြောင့် ရွာသာကြီး ပရဆေးဥယျာဉ်မှာ တိုင်းရင်းဆေးသိပ္ပံဖွင့်လှစ်၍ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံပါ တိုးချဲ့ဖွင့်လှစ်နိုင်မယ်ဆိုပါက ကုသရေးအပြင်ကို သင်ကြားရေးဆေးရုံအဖြစ်ပါ အသုံးပြုနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ အောက်မြန်မာပြည်ရှိ လူဦးရေထူထပ်ဆုံးနှင့် အဖွံ့ဖြိုးဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြို့တော်ရန်ကုန်မှာ ရွာသာကြီး ပရဆေးဥယျာဉ်ထဲမှာ တိုင်းရင်းဆေးသိပ္ပံနှင့် ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံတည်ဆောက်ပေးနိုင်ရေး တိုင်းရင်းဆေး လောကနှင့် ပြည်သူများက လိုလားတောင့်တမျှော်လင့်လျက်ရှိပါကြောင်း တင်ပြမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ တော့ ဆေးရုံ၊ ဆေးကုဌာနများ တိုးချဲ့ဆောက်လုပ်တဲ့အခါမှာ ဆောက်လုပ်တဲ့မြေနေရာ၊ ပတ်ဝန်းကျင်၌ အခြားသောကျန်းမာရေးစောင့်ရှောက်သည့်ဌာနများ တည်ရှိမှု၊ လူဦးရေသိပ်သည်းမှု၊ လိုအပ်သော မြေဧရိယာ၊ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ထမ်းများအတွက်လုံခြုံရေး၊ မြန်မာ့တိုင်းရင်းဆေးအား နယ်မြေလူထုက ဘယ်လောက်အယုံအကြည်ရှိသလဲ။ ဘတ်ဂျက်ခွင့်ပြုမှုအပေါ် မူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျွန်တော်တို့ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနကို ပြန်ကြည့် တဲ့အခါမှာ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနရုံးတစ်ရုံး ရှိပါတယ်။ ခရိုင်တိုင်းရင်းဆေးပညာ ဦးစီးဌာနရုံး လေးရုံးရှိပါတယ်။ အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားပေါ်မှာ ခုတင် ၁၀၀ ရှိတဲ့ တိုင်းရင်းဆေးရုံတစ်ရုံရှိပါတယ်။ နောက် မြို့နယ်တိုင်းရင်းဆေးကုဌာန ရန်ကုန်တိုင်း ဒေသကြီးထဲမှာ ၂၀ ရှိပါတယ်။ ဖွင့်လှစ်ထားပြီးတော့ တိုင်းရင်းဆေးဖြင့် ပြည်သူလူထုကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီး ခုတင် ၁၀၀ မှာကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ အတွင်းလူနာ ၇၃၁ ဦးရှိပါ

တယ်။ ပြင်ပလူနာ ၁၂၂၂၈ ဦးတက်ပါတယ်။ ကွင်းဆင်းကုသလူနာ ၅၆၄ ဦးနဲ့ စုစုပေါင်းလူနာ ၁၃၅၂၃ ဦးရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တိုင်းရင်းဆေးကုဌာနများ ၂၀ ကိုလာတဲ့လူနာ ပေါင်းက ၃၆၈၇၇ ဦးရှိပါတယ်။ ကွင်းဆင်းလူနာ ၅၅၁၁ ဦးရှိပါတယ်။ စုစုပေါင်းလူနာ ၄၂၃၈၈ ဦးရှိ တယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ အခုလက်ရှိဖွင့်လှစ်ထားတဲ့ ခုတင် ၁၀၀ ဆံ့တိုင်းရင်း ဆေးရုံ၌ အတွင်းလူနာ တစ်နေ့ကိုတော့ ၆၃ ဦးကျော်သာရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှာ ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံတစ်ရုံ ထပ်မံဆောက်လုပ်ရန်လိုအပ်ပြီး ဒီလွှတ်တော်မေးခွန်းပါ ရွာသာကြီးမြေနေရာ ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျ။ သွားရမှုလွယ်ကူခြင်း၊ လူဦးရေထူထပ်ခြင်းဆိုတော့ ကျွန်တော်တို့ တိုင်းရင်းဆေးရုံ ခုတင် ၅၀ တော့ ဆောက်ပေးဖို့ ရည်ရွယ်ထားပါတယ်။ သို့သော်လည်း ရွာသာကြီးက တော်တော်လည်းဝေးပါတယ်။ အဲဒီတော့ ရွာသာကြီးမှာ တိုင်းရင်းဆေးရုံ ခုတင်၅၀ ဆောက်မလား။ ခုနပြောတဲ့ ကျွန်တဲ့မြို့နယ် တိုင်းရင်းဆေးကုဌာနတွေကို များများလုပ်မလားဆိုတာ ကျွန်တော်တို့က ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ရွာသာကြီးကိုသွားဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော်တို့ Mental Hospital လည်း အဲဒီမှာရှိပါတယ်။ တော်တော်လည်းဝေးပါတယ်။ အဲဒီတော့ ရွာသာကြီးမှာသွားဆောက်လို့ရှိရင် ခုနပြောတဲ့ အလုံတို့၊ အင်းစိန်ကလူတွေကဘယ်လိုလုပ်မလဲ အစရှိသဖြင့်၊ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က ဒါကိုနှစ်ဖက်ပြန်စဉ်းစားရမှာဖြစ်တယ်။ ဆေးရုံဖွင့် မလား။ တိုင်းရင်းဆေးကုဌာနတွေကိုပိုလုပ်မလား။ အဲဒီလိုစဉ်းစားဖို့လိုပါတယ်။ ဆေးရုံဖွင့်မယ် ဆိုရင်တော့ ဖွင့်ပေးလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွာသာကြီးမှာတော့ Catchment Population ကတော့ ၁၂၀၀၀၀ ကျော်ရှိပါတယ်။ ၁၂၀၀၀၀ အပြင် အနီးအနားကတော့ လာလို့ရပါ တယ်။ ဒီမှာ တိုင်းရင်းဆေးသိပ္ပံကတော့ ၁၉၇၆ ခုနှစ်မှာ မန္တလေးမြို့၌ ကျွန်တော်တို့ စတင်ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ်ဖွင့်လှစ်ချိန်မှစ၍ တိုင်းရင်းဆေးသိပ္ပံမှာ ဝန်ထမ်းများ နည်းနည်းစီပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရာ မတ်လ ၂၅ ရက်နေ့ ၂၀၀၆ ခုနှစ်မှာကျင်းပသော (၄၄)ကြိမ်မြောက် အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေး၌ ပြောထားတာက တိုင်းရင်းဆေး ပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန်ရည်ရွယ်၍ တိုင်းရင်းဆေးပညာ ဒီပလိုမာသင်တန်းများကို လက်ရှိသင်ကြားဆဲသင်တန်းများ ပြီးဆုံးမည့် ၂၀၀၈ ခုနှစ်ကာလမှစ၍ ခေတ္တဆိုင်းငံ့ထားရန်ဆိုပြီး ဆုံးဖြတ်ချက်ထားထားပါတယ်။ အထက်ပါ တိုင်းရင်းဆေး အခုပြောတဲ့ တိုင်းရင်းဆေးသိပ္ပံအား ရွာသာကြီးမှာဖွင့်လှစ်ရန်မှာ ရွာသာကြီး ရဲ့ပရဆေးဥယျာဉ်ရဲ့မြေဧရိယာ ၃၅.၈၁ ဧကရှိပါတယ်။ သို့သော်လည်း အဲဒီ ၃၅.၈၁ ဧကအနက် ရွာသာကြီးဘူတာဆောက်လုပ်ဖို့စီမံကိန်းအတွက် မြေဧရိယာ ၁၄.၉၂ ဧကကို မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးရန်ရှိခြင်း၊ ကုသရေးဦးစီးဌာနမှ လိုအပ်သော ဆေးပစ္စည်းဂိုဒေါင်နှင့် ပရဆေးဥယျာဉ် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာတို့အား မြေဧရိယာ ၁၁.၈၅ ဧက၌ ဆောက်လုပ်ရန်စီစဉ်ထား ခြင်းတို့ကြောင့် မြေဧက ၉.၀၄ ဧကပဲကျန်တော့ပါတယ်။ အဆိုပါမြေနေရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနရုံး ဆောက်လုပ်ပြီးဖြစ်ရာ ဒီတိုင်းရင်းဆေးသိပ္ပံနဲ့ အခု ခုတင် ၁၀၀ တိုင်းရင်းဆေးရုံတို့ဆောက်လုပ်ပါက မြေနေရာမလုံလောက်ဘူးဖြစ်နေပါတယ်။ အဲဒါ သွားတွေ့ပါတယ်။ ယခုအခါမှာ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်တွင် မြန်မာ့တိုင်းရင်း ဆေးပညာဘွဲ့နှင့် မြန်မာ့တိုင်းရင်းဆေးမဟာဘွဲ့ သင်တန်းများလည်း ဖွင့်လှစ်သင်ကြားနေပြီဖြစ်၍

**မူကြမ်း**

တိုင်းရင်းဆေးသိပ္ပံဖွင့်လှစ်ရန် ကျွန်တော်တို့ လောလောဆယ်အစီအစဉ်မရှိသေးပါဘူး။ Master နှင့် ဒီဟာတွေကို လုပ်နေပါတယ်။ သို့ရာတွင် ပြည်သူလူထုအား တိုင်းရင်းဆေးပညာ ပိုမိုစောင့်ရှောက်မှု ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ရွာသာကြီးပရဆေးဥယျာဉ်ရှိ ကျန်သောမြေဧရိယာ မှာတော့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်မယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဖွဲ့စည်းပုံရပြီး တော့ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာငွေရရှိပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီမှာ ကြည့်ပြီးမှ ၅၀ မှာ အရမ်း လူနာတွေများလာတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ၁၀၀ ကို ထပ်တိုးဖို့ ကျွန်တော်တို့ စဉ်းစားပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဆိပ်ဖြူမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနခွဲ(၅)ခု ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ကျွန်တော်မေးမယ့်မေးခွန်းက ၂၉-၁-၂၀၁၈ ရက်နေ့က မေးမြန်းထား တဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမေးခွန်းက ဆိပ်ဖြူမြို့နယ်အတွက် လိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနခွဲငါးခုအား ဖွင့်လှစ်ပေး နိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့တွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပပြုလုပ်သော အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇- ၂၀၁၈ ခုနှစ်) စတင်ဆောင်ရွက်မှုအသိပေးခြင်းပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ အာရောဂျံ ပရမံလာဘံ ကျန်းမာခြင်းသည် အကောင်းဆုံးလာဘ်လာဘဖြစ်ကြောင်းနှင့် ပြည်သူပြည်သားများရဲ့ ကျန်းမာရေးဟာ ကျွန်မတို့နိုင်ငံရဲ့အဖိုးမဖြတ်နိုင်တဲ့ သယံဇာတဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၅-၁၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် ဆိပ်ဖြူ အနောက်ကမ်းဖြူကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် တောင်းခံခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးမှ တိုးမြှင့်ပေးရန် ခွင့်ပြုခဲ့ပါတယ်။ ဒီလိုတိုးမြှင့်ပေးလိုက်သော ဝန်ကြီးအား ကျေးရွာလူထုကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိပ်ဖြူ မြို့နယ်အတွင်း တိုက်နယ်ဆေးရုံတစ်ခုနှင့် အနောက်ကမ်းဖြူအပါအဝင် စုစုပေါင်း RHC ခြောက်ခု ရှိနေပြီဖြစ်ပါတယ်။ ၎င်းတို့အထဲမှာ အင်းကန် RHC သည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဆုံး၊ ကျေးလက်ကျန်းမာရေဌာနတစ်ခုဖြစ်ပါတယ်။ Main Sub-Centre နှင့် Sub-Centre ငါးခု စုစုပေါင်း ခြောက်ခုဖြင့် ဖွဲ့စည်းထားပါတယ်။ ထို RHC နှင့် Sub-Centre များ ဆက်သွယ်ရာတွင် ၂၀ မိုင်၊ ၃၀ မိုင် ဝန်းကျင်သွားရောက်၍ လုပ်ငန်းညှိနှိုင်းဆောင်ရွက်နေကြရပါသဖြင့် တစ်ရွာနှင့်တစ်ရွာ ဝေးကွာလွန်းသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသည့်အတွက် ၂၀၁၂-၂၀၁၃ ခုနှစ်

စစ်တမ်းကောက်ယူမှုတွင် ငါးနှစ်အောက်ကလေးသေဆုံးမှုအများဆုံး Sub-Centre တစ်ခု ဖြစ်ခဲ့ပါတယ်။ တာဝန်ကျဝန်ထမ်းများ တစ်ရွာနှင့်တစ်ရွာ ဝေးကွာလွန်းသည့်အတွက် မကြာခဏ ပြောင်းရွှေ့နေကြပြီး မီးဖွားဆရာမများလည်း မကြာခဏလစ်လပ်နေသော Sub-Centre ဖြစ်နေပါ တယ်။ ၎င်း အင်းကန် RHC မှာလည်း လူဦးရေ ၂၅၀၀၀ ရှိကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့် အင်းကန် RHC တွင် အနောက်ကမ်းဖြူ Sub-Centre ရရှိထားတဲ့အတွက် အထက်ဖော်ပြပါ အခက်အခဲများ လျော့နည်းသွားစေရန် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပြုပါ။ ဒါကတော့ တိုက်နယ်ဆေးရုံတစ်ခုနှင့် RHC လေးခုတို့ဖြစ်ပါတယ်။ ကာလာနဲ့ခြယ်ထားတာ အပြာရောင်က အင်းကန်တိုက်နယ်ပါ။ အဆိုးဆုံးနေရာပါ။ ဒါကတော့ ပြုပြင်ပြီး RHC များ ခွဲဝေထားသောပုံ ဖြစ်ပါ တယ်။ ဒါကတော့ ကျေးရွာလေးတွေ တောင်းဆိုထားတာ အနီရောင်နဲ့ဟာ တောင်းထားတာ ဖြစ်ပါ တယ်။ အနီရောင်နဲ့ပေးထားတာ တောင်းဆိုထားတဲ့ရွာတွေ ဖြစ်ပါတယ်။ ဖော်ပြပါ SC များ၊ Sub-Centre များချထားပေးမည်ဆိုလျှင် ငါးနှစ်အောက်ကလေးများ ဆေးရုံမှ သေဆုံးမှုလျော့နည်း သွားမည် ဖြစ်ပါတယ်။ တာဝန်ကျဆရာဆရာမများကလည်း သွားလာရလွယ်ကူသွားမည်ဖြစ်တဲ့အတွက် ခဏခဏလစ်လပ်မှုများ နည်းပါးသွားမည်ဖြစ်ပါတယ်။ ဒါကြောင့် ဆိပ်ဖြူမြို့နယ်အတွက် လိုအပ်လျက် ရှိသော ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရန်အတွက် ဇယားပါ လိုအပ်လျက်ရှိသော ကျန်းမာရေးဌာနခွဲငါးခုအား ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ၊ ပေးနိုင်ပါက မည်သည့်အချိန်တွင် ပေးနိုင်မည် ဖြစ်ကြောင်းနှင့် မပေးနိုင်ပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူလူထုကိုယ်စား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငါးမိနစ်တော့ကျော်မယ်မထင်ပါဘူး။ အကယ်၍ ကျော်ရင်တော့ ခွင့်ပြုပေးစေချင်ပါတယ်။ ကျွန်တော့် အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ရဲ့မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ကျေးလက်ကျန်းမာရေးဌာနခွဲငါးခု တောင်းပါတယ်။ ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်မှာ လူဦးရေ ၁၁၀၀၀၀ ကျော်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခြောက်ခု၊ ဌာနခွဲ ၂၆ ခု၊ မိခင်နှင့် ကလေးဌာနခွဲတစ်ခု ရှိပါတယ်။ ဒီမှာပြန်ကြည့်တဲ့အခါမှာ အင်းကန်ကျေးလက်ကျန်းမာရေးဌာန တောင်းထားတဲ့ အောက်မှာရှိတဲ့ အနောက်ကမ်းဖြူမှာ တိုတိုနဲ့လိုရင်းပဲ ကျွန်တော်ဖြေပါမယ်။ မြေပုံနဲ့ အကုန်ပြန်ကြည့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းက ဖေဖော်ဝါရီလ ၂၉ ရက်နေ့ က မေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က မတ်လ ၆ ရက်နေ့မှာ ဒါကို ပေးပြီးဖြစ်ပါတယ်။ တောင်းထား တဲ့ ဆိပ်ဖြူ RHC အသစ်အောက်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းထားတဲ့ ကျားဘော ကျေးလက်ကျန်းမာရေးဌာနခွဲကို ပေးလိုက်ပါပြီ။ ၆-၃-၂၀၁၈ ရက်နေ့က။ နောက်ထပ်တောင်းတားတဲ့ အဲဒီမှာ Sub-Centre ဖြစ်တဲ့ ဝဲမသုံးရွာကိုလည်း ကျွန်တော်တို့ပေးလိုက်ပါပြီ။ ၆-၃-၂၀၁၈ ရက်နေ့က

ပေးခဲ့တယ်။ နောက်တစ်ခုတောင်းထားတဲ့ ခားမကောက် Sub-Centre ကိုလည်း မတ်လ ၆ ရက်နေ့က ပေးခဲ့ပါတယ်။ နောက်တစ်ခုက ထပ်ပေါင်း Sub-Centre ကိုလည်း ကျွန်တော်တို့ပေးခဲ့ပါတယ်။ ဆိုလိုတာက လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ ငါးခုထဲက ကျွန်တော်က လေးခုကို ပေးလိုက်ပါပြီ။ မတ်လကတည်းက ပေးလိုက်ပါပြီ။ သားဖွားဆရာမကလည်း အဲဒီမှာတာဝန်ထမ်းဆောင်တယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီမှာမြေပုံနဲ့ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ နောက်ဆုံးတစ်ခု ရေထွက်ကျေးလက်ကျန်းမာရေးဌာနခွဲကို တောင်းထားပါတယ်။ အဲဒီတော့ ကျန်တဲ့ငါးခုကို ကြည့်တဲ့အခါမှာ အားလုံးသည် လူဦးရေ ၂၀၀၀ ကျော်တွေ၊ ၂၀၀၀ ကျော်တွေ အကုန်ရှိတယ်။ အခုနောက်ဆုံးတောင်းတဲ့ ရေထွက်မှာကြည့်တဲ့အခါ လူဦးရေဟာ ၁၂၆၉ ဦးပဲရှိပါတယ်။ ထို့အပြင် ရေထွက်ကို မြေပုံနဲ့ကြည့်မယ့်အခါမှာလည်း သူက ဘယ်အောက်မှာရှိပါသလဲဆိုတော့ အင်းကန်ကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိတဲ့ တောင်ဖြူကျေးလက်ကျန်းမာရေးဌာနခွဲအောက်မှာရှိတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ အဲဒီတော့ လောလောဆယ်မှာတော့ တောင်ဖြူကျေးလက်ကျန်းမာရေးဌာနခွဲကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းထားတဲ့ ရေထွက်ကျေးရွာကို ကျွန်တော်တို့ကြည့်ရှုပေးမှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံး အဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအာမိုးဆီအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအာမိုးဆီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ကျေးလက်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာစေရန်အတွက် စီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုတင်ရခြင်းရဲ့ရည်ရွယ်ချက် ကတော့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုး တိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းလာစေရန်၊ ကျေးလက်ဒေသနှင့် တိုင်းရင်းသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးအတွက် ကျေးလက်နေ ပြည်သူများ စိတ်ဝင်စားမှုပိုမိုမြင့်မားလာစေပြီး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဖြင့် စုံလင်စွာနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြကာ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လျှပ်စစ်မီးလင်းရေး၊ အခြေခံခရီးသွားလာရေးစသည့် ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် များစွာလိုအပ်လျက်ရှိပြီး နိုင်ငံတော်အစိုးရမှ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် အုပ်စုများတွင် ပါဝင် နေသည်ကို တွေ့ရှိရပါတယ်။ ဒီနေ့ နိုင်ငံတော်တော်များများဟာ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ကျေးလက်နေပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိနေရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှ မြို့တိုးတက်မည်ဖြစ်ပြီး မြို့တိုးတက်မှ တိုင်းဒေသကြီး/ပြည်နယ်များ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများကို ကြည့်မည်ဆိုပါက ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာစေရန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ အခြေခံခရီး သွားလာရေး၊ ကုန်ထုတ်လုပ်မှုများ မှန်ကန်၊ မြန်ဆန်စွာစီးဆင်းနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိနေရပါတယ်။ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကဆောင်ရွက်ပေးနေသည့်နိုင်ငံများထဲတွင် ကနေဒါ၊ ဩစတေးလျ၊ အိန္ဒိယ၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ကနေဒါနိုင်ငံသည် ပြီးခဲ့သည့်

ခြောက်နှစ်တာကာလအတွင်း ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမေရိကန်ဒေါ်လာ ၁၁.၆ သန်း သုံးစွဲပြီးဖြစ်သလို နောက်ထပ်ငါးနှစ်အတွက် အမေရိကန်ဒေါ်လာ ၃.၄ ဘီလီယံ ထပ်မံတိုးမြှင့်သုံးစွဲရန် ရှိနေသည်ကို တွေ့ရှိရပါတယ်။ ကနေဒါနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာတစ်ခုထုတ်ပြန်ကာ ရာစုနှစ်ချီအဖိနှိပ်ခံခဲ့ရသော ဝေးလံခက်ခဲပြီး ကျေးလက်ဒေသနေ ဒေသခံတိုင်းရင်းသားများကို ပြန်လည်ပေါင်းစည်းပေးစေရန် ကတိပေးကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများတွင် ထောက်ပံ့သည့်အပြင် အင်တာနက်ချိတ်ဆက်မှု မြင့်မားလာစေရန်အတွက် ၂၀၂၁ ခုနှစ်အထိ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အသုံးပြုလျက်ရှိသည်ကို တွေ့ရှိနေရပါတယ်။ ဝေးလံခက်ခဲသောဒေသများတွင်ထွက်ရှိသော အဖိုးတန်သတ္တုသယံဇာတများကိုလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပြီး ထိုဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ စားဝတ်နေရေးအတွက် အချိုးကျမျှဝေသုံးစွဲခွင့်ရှိစေရန် လုပ်ဆောင်နေသည်ကို တွေ့ရှိနေရပါတယ်။

ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ထို့အတူ မလေးရှားနိုင်ငံသည်လည်း ဝေးလံခက်ခဲပြီး ကျေးလက်ဒေသဖြစ်သည့် Sarawak ပြည်နယ်နှင့် Sabah ပြည်နယ်များတွင် အထူးအလေးပေးဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ အဆိုပါ ပြည်နယ်နှစ်ခုအတွက် လမ်း၊ တံတားနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မလေးရှားရင်းဂစ် ၆.၅ ဘီလီယံ Boneo ပေါင်းစည်းရေးအမြန်လမ်းမ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းဂစ် ၂ ဘီလီယံ အသုံးပြုကာ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် အခြေခံအဆောက်အဦများ ပြုပြင်ရန်အတွက် ရင်းဂစ် ၀.၅ ဘီလီယံ၊ ပြည်နယ်နှစ်ခုအတွင်းရှိ အိမ်ထောင်စုများ လျှပ်စစ်မီးရရှိရန်အတွက် ရင်းဂစ် ၆၂၀ ဘီလီယံ၊ ရေရရှိရေးအတွက် ရင်းဂစ် ၃၀၀ ဘီလီယံ၊ အင်တာနက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းဂစ် တစ်ဘီလီယံ သုံးစွဲထားသည်ကို တွေ့ရှိရပါတယ်။ အိန္ဒိယနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံနှင့်ထိစပ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ပြည်နယ်လေးခုအတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရန် သီးခြားဝန်ကြီးဌာနတစ်ခု တည်ထောင်ပြီး ၂၀၀၁ ခုနှစ်မှစတင်ကာ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ်အထိ အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာစေရန်အတွက် ရူပီးငွေ ၄၇၉.၉၅ ဘီလီယံ သုံးစွဲဆောင်ရွက်ခဲ့ရာ ယခင်နှစ်ကထက် ၇၀.၁ ဘီလီယံပိုများလာသည်ကို တွေ့ရှိရပါသဖြင့် လွတ်လပ်ရေးရပြီးကတည်းက ဘတ်ဂျက်အများဆုံး အသုံးပြုထားသည်ကို တွေ့ရှိရပါတယ်။ ဘတ်ဂျက်အရ အခြားအရေးပါသော အစိတ်အပိုင်းမှာလည်း လေယာဉ်ကွင်းများ၊ ရဟတ်ယာဉ်ကွင်းများစသည့် လေကြောင်းတိုးတက်ရေး အတွက်ဆောင်ရွက်ပေးပြီး လေကြောင်းဖွံ့ဖြိုးတိုးတက်မြင့်မားလာသည်နှင့်အမျှ ခရီးသွားလာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် နမ္မပုတ္တရမြစ်တစ်လျှောက် အဝေးပြေးလမ်းနှင့် ပြည်နယ်အတွင်းချိတ်ဆက်လမ်းများမှာလည်း များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ၁၉၈၇ ခုနှစ် ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်နိုင်ငံများ ဖြစ်ပေါ်ခဲ့ပြီး

နောက်ပိုင်း LDC အဆင့်မှ လွတ်မြောက်ရန် သတ်မှတ်သည့်စံနှုန်း သုံးခုစလုံးနှင့် ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ် ပြည့်မီလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာကော်မတီ CDP ၏ အစီရင်ခံစာတွင်ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ LDC စာရင်း ကို ၁၉၇၁ ခုနှစ်တွင် စတင်ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ယင်းစာရင်းမှလွတ်မြောက်သော နိုင်ငံလေးနိုင်ငံသာရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် စံနှုန်းသတ်မှတ်ချက်အရ သုံးနှစ်တစ်ကြိမ်လေ့လာ သုံးသပ်မှု၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရန်တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၃၀ နှင့်အထက် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း ၆၆ နှင့်အထက် စီးပွားရေးထိခိုက်နစ်နာလွယ်ကူမှုဆိုင်ရာ အညွှန်းကိန်း ၃၄ နှင့်အောက်ရှိရန်လိုအပ်သည်ကို တွေ့ရှိရပါတယ်။ ဝေးလံခက်ခဲသော နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာအောင်အချိန်မီ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက နယ်စပ်ကျူးကျော်ဝင်ရောက်မှုများနှင့် မှောင်ခိုစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အရေးပေးသလို ဖြစ်နေပြီး ၎င်းဒေသတွင်ထွက်ရှိသော အဖိုးတန်သတ္တုသယံဇာတများသည်လည်း တရားမဝင်သော နည်းလမ်းဖြင့် အခြားတစ်ဖက်သို့ရောက်ရှိမှာ စကေန်မလွဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ကျွန်တော့်ရဲ့အဆိုဖြစ်သော ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများဘဝ တိုးတက်မြင့်မာလာစေရန်အတွက် စီမံချက်ချရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးခွင့်ပြုပေးပါရန် အဆိုတင်သွင်းရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအာမိုးဆီ တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီတင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံသွားမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုဟာ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကျေးလက်ဒေသများမှ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ အခြေအနေတွေ တိုးတက်ကောင်းမွန်လာစေဖို့ အစိုးရအနေနဲ့ မဖြစ်မနေစီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုတဲ့ စိတ်ရင်းစေတနာနဲ့ တိုက်တွန်းထားတဲ့ အဆိုတစ်ရပ်ဖြစ်ပါတယ်။ ဒီအပြင် အဆိုရဲ့ရည်ရွယ်ချက်တွေဟာလည်း ပကတိအခြေအနေမှန်ကို ထင်ဟပ်နေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှ အလေးထားဆွေးနွေးသင့်ကြောင်း ဦးစွာထောက်ခံပြောကြားလိုပါတယ်။ အဆိုရှင်ထောက်ပြထားသလို အိမ်နီးချင်းနိုင်ငံတွေနဲ့ အခြားနိုင်ငံများမှာ အစိုးရအနေနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွေကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသလို ကျေးလက်ဒေသများနှင့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တောင်တန်းဒေသတွေရဲ့ ဟန်ချက်

ညီဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် အထူးစီမံချက်တွေရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုတွေကြောင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်တွေ ထိရောက်စွာလျော့နည်း သွားစေတာကို လေ့လာမှတ်သားရပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ မြို့ပြကြီးတွေရဲ့ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သုံးစွဲနေတဲ့ဘတ်ဂျက်အချိုးအစားနှင့် ၇၀ ရာခိုင်နှုန်းသောကျေးလက်နေပြည်သူ များနှင့် ဝေးလံခက်ခဲတဲ့ဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနေတဲ့ ဘတ်ဂျက်အချိုးတွေ ကို ပြန်လည်သုံးသပ်သင့်ပြီလို့ မြင်မိပါတယ်။ ဘာကြောင့်လဲဆိုရင် လက်ရှိကျင့်သုံးနေတဲ့အတိုင်း လူဦးရေကိုအခြေခံပြီး ဦးစားပေးဘတ်ဂျက်ခွဲဝေသုံးစွဲနေမယ်ဆိုရင်တော့ လူဦးရေနည်းပြီး ဝေးလံ ခေါင်သီတဲ့တောင်တန်းဒေသတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုဟာ နောက်ကျသထက်နောက်ကျနေအုံးမှာ ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုနောက်ကျခဲ့ခြင်းတွေရဲ့ ခါးသီးတဲ့အတွေ့အကြုံတွေကို ကျွန်တော်တို့ လိုခက်ခဲတဲ့ဒေသက ပြည်သူတွေက ပိုပြီးခံစားခဲ့ကြရပါတယ်။ လက်ရှိအချိန်ထိလည်း ခံစားနေကြရပါ တယ်။ ဥပမာအနေနဲ့ပြောရရင် လမ်းပန်းဆက်သွယ်ရေးမဖွံ့ဖြိုးမှုတွေကြောင့် ကျွန်တော်တို့ နာဂဒေသ မှာ ၂၀၁၆-၂၀၁၇ ခုနှစ်က ကူးစက်မြန်ဝက်သက်ရောဂါနှင့် ရာသီတုပ်ကွေးတွေဖြစ်ပွားခဲ့ပြီး လူပေါင်း များစွာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒါဟာဖွံ့ဖြိုးမှုနောက်ကျခြင်းရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဒီထက်ဆိုးရွားတဲ့အခြေအနေတွေလည်း များစွာရှိခဲ့သလို လက်ရှိအချိန်ထိလည်း ပြည်သူတွေ နဖူးတွေ့ ဒူးတွေ့ခါးစီးခံရင်ဆိုင်နေကြရဆဲပါ။ ဒီလိုဘက်စုံဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေအတွက် အစိုးရ အနေဖြင့် သီးခြားစီမံချက်တွေရေးဆွဲပြီး အကောင်အထည်ဖော်ဖို့ မဖြစ်မနေလိုအပ်နေပါတယ်။ အခြေခံအဆောက်အဦလိုအပ်ချက်တွေကို ဦးစားပေးဖော်ဆောင်ပေးရန်လိုအပ်တဲ့အပြင် အခြားလူမှု စီးပွားအခြေအနေမြင့်တင်ပေးဖို့လည်း လိုအပ်နေပါတယ်။ ကဏ္ဍပေါင်းစုံလွှမ်းခြုံတဲ့ စီမံချက်တွေဖြစ်ဖို့ လိုအပ်ပြီး ဒေသနှင့်ကိုက်ညီဖို့လည်း လိုအပ်လှပါတယ်။ ဥပမာအနေနဲ့ပြောရရင် နာဂဒေသအပါအဝင် ချင်းပြည်နယ်မှာအကောင်အထည်ဖော်ပေးမယ့် NEP ဆိုလာစီမံကိန်းဟာ ဒေသခံပြည်သူတွေရဲ့ အမှန် တကယ်လိုအပ်ချက်ဖြစ်ပေမဲ့ မြေပြင်အခြေအနေအရ အချို့ကျေးရွာတွေမှာ လမ်းပေါက်သေး တာတွေရှိနေသေးသလို ဝင်ငွေတစ်ပြားတစ်ချပ်မှမရှိတဲ့ တောသူတောင်သားတွေဖြစ်နေလို့ ပြည်သူ့ ထည့်ဝင်ငွေမထည့်နိုင်တဲ့အတွက် မီးလင်းနိုင်ဖို့အကျိုးခံစားခွင့်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒါကြောင့် ဒေသတစ်ခုရဲ့ ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ဆောင်ရန်လိုအပ်တဲ့ကဏ္ဍတွေဟာ မတူညီနိုင်တာမို့ ဒီလို ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေကို စစ်တမ်းကောက်ယူ သုတေသနပြုလုပ်ပြီး ဒေသတွေနှင့် ကိုက်ညီတဲ့စီမံချက်တွေ ရေးဆွဲချမှတ်ပေးစေလိုပါတယ်။ အိမ်နီးချင်းနိုင်ငံအချို့ကိုပြန်လည်လေ့လာ ကြည့်တဲ့အခါမှာ သူတို့နိုင်ငံမှာရှိတဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေကို သေချာ ဆန်းစစ်သုံးသပ်ကာ ဒေသနှင့်ကိုက်ညီတဲ့ လူမှုစီးပွားဘဝမြင့်တင်ပေးမှုအတွက် စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးတာကို တွေ့ရှိရပါတယ်။ ဥပမာ-စိုက်ပျိုးရေးလုပ်လို့မရတဲ့ဒေသတွေ ကိုတော့ မွေးမြူရေးလုပ်ငန်း ဒါမှမဟုတ် ခရီးသွားလုပ်ငန်းအစရှိတဲ့ လူမှုစီးပွားဘဝတွေကို မြင့်တင် ပေးနိုင်မည့် လုပ်ငန်းတွေကို ဖန်တီးဖော်ဆောင်ပေးကြောင်းနှင့် ဒေသနှင့်ကိုက်ညီတဲ့ မူဝါဒဖြေလျှော့ ပေးမှုတွေ ပြုလုပ်ပေးကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် အစိုးရအနေဖြင့် ကျေးလက်

ဒေသနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားဘဝအခြေအနေတွေ တိုးတက်မြင့်မားလာစေဖို့ ဖြေလျှော့သင့်တဲ့မူဝါဒတွေပြုလုပ်ပေးလို့ လိုအပ်သလို ဒေသနှင့်ကိုက်ညီတဲ့ ကဏ္ဍပေါင်းစုံလွှမ်းခြုံနိုင်မည့် စီမံချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့အဆိုကို လွှတ်တော်ကြီးမှလက်ခံဆွေးနွေးသင့်ပါကြောင်း ကျေးလက်နေတိုင်းရင်းသားများရဲ့အကျိုးကို မျှော်ကိုးပြီး ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးအာမိုးဆီ တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်းမေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအာမိုးဆီ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသော ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၉-၁၁-၂၀၁၈ ရက်(တနင်္လာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၇-၉-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၁၁-၉-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၁၈)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၄၃)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲခဲ့ကြောင်းတင်ပြလာပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၈)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်တဲ့ ကျွန်မဒေါ်မာမာခိုင်က မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်ကို လေးစားစွာ တင်သွင်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးတင်သွင်းသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ဖြစ်တဲ့ ၄-၆-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၂၃-၈-၂၀၁၈ ရက်နေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ဖြစ်တဲ့ ၇-၉-၂၀၁၈ ရက်(သောကြာနေ့)မှာ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၁-၉-၂၀၁၈ ရက်(အင်္ဂါနေ့)နောက်ဆုံးထားပြီးတော့ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)၊ ဦးစိုးစံသက်ထွန်း (မြင်းမူမဲဆန္ဒနယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီများ၊

ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၄-၉-၂၀၁၈ ရက်(သောကြာနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ကပြင်ဆင်အတည်ပြုခဲ့တဲ့ အချက်များအနက်မှ (၁၈)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူခဲ့တဲ့အချက် (၁၈)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီးဖြစ်ပါတယ်ရှင်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတည်ပြုချက် (၁၈)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၂ | ၂၊ ၃ | အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဋ) |
| (ခ) | ၄ | ၅ | အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) |
| (ဂ) | ၆ မှ ၉ | ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀ | အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၅၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲငယ်(၉)၊ အပိုဒ် ၈ |
| (ဃ) | ၁၂ မှ ၁၃ | ၂၉၊ ၃၂ | အပိုဒ် ၁၆ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၂ |
| (င) | ၁၈ မှ ၁၉ | ၄၇၊ ၄၈၊ ၄၉၊ ၅၀ | အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(ဂ)၊ အပိုင်း ၅၁ |
| (စ) | ၂၃ | ၆၀၊ ၆၁ | အပိုဒ် ၇၀ အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇၁ ကို ပယ်ဖျက်ခြင်း |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် (၁၈)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကျန်းမာရေးနှင့် အားကစား

ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ သဘောတူညီချက်မှတ်ချက်များအတိုင်း သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၁၈) ချက်ကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက် (၁၈) ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက် (၄၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီတဲ့အချက် (၄၃)ချက်ရှိပါတယ်။ ဒီ (၄၃)ချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီး ဖြစ်ပါတယ်ရှင်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရမည့် အချက်(၄၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(က) |
| (ခ) | ၃ မှ ၇ | ၄၊ ၆၊ ၇၊ ၈၊ ၉၊ ၁၂ | အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၆ |
| (ဂ) | ၈ မှ ၁၂ | ၁၆၊ ၁၇၊ ၁၉၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀ | အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲငယ်(၉)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၇ ခြေဆင်း၊ |
| (ဃ) | ၁၃ မှ ၁၅ | ၃၁၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀ | အပိုဒ် ၂၁၊ အပိုဒ် ၂၄၊ အခန်း(၁၁) ခေါင်းစဉ်၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ |
| (င) | ၁၆ မှ ၁၈ | ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆ | အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ ခြေဆင်း၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(ဃ) |
| (စ) | ၂၀ မှ ၂၃ | ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉ | အပိုဒ် ၅၂၊ အပိုဒ် ၅၄၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရမယ့် အချက်(၄၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူညီချက်အရ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏

အတည်ပြုချက်များအတိုင်း သဘောတူညီတဲ့အချက်(၄၃)ချက်အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ သဘောတူညီချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၄၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘာတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၄၃)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၄၃)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ဝန်ကြီးများနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင် တစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့တင်သွင်းမယ့်ဟာကတော့ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာတဲ့ အပေါ်မှာ သဘောထားကွဲလွဲတဲ့အချက်(၄၃)ချက်ကို ပြည်ထောင်စုလွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ ပေးဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး တင်သွင်းသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ဖြစ်တဲ့ ၄-၆-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်ကိုပေးပို့ခဲ့ပါတယ်။ အဲဒီ ဥပဒေကြမ်းကို ၂၃-၈-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်များအပေါ်မှာ ပြင်ဆင်ချက်များဖြင့်သဘောတူပါကြောင်း ၂၃-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၄၉၅ နဲ့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း ထားရှိမယ့် အချက်(၄၃)ချက်က ပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော်တို့ရဲ့ သဘောထားကွဲလွဲတဲ့အတွက် ပူးတွဲပါဇယားနဲ့ ကိုယ်စားလှယ်များကိုဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သဘောထားကွဲလွဲတဲ့ အချက်(၄၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီးတော့ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၄၃)ချက်နဲ့ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၆.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Myint Htwe        U Shwe Hla




Dr Myint Htwe        U Aung Soe Min




Dr Myint Htwe        U Sai Kyaw Moe




Dr Myint Htwe        Daw Khin Than Nu




Dr Myint Htwe        Dr Daw Pyone




Dr Myint Htwe        U Myint Oo

pyithu.hluttaw.mm



Dr Myint Htwe



U Aung Thike

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်